# THE STRUGGLE

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး

Vol. 01 /No.05

Aug-Sep/2022



## လေဘာလှုပ်ရှားမှု ပြန်လည်ရှင်သန်လာရေး

PAGE 19

## In Memory of Leon Trotsky

PAGE 52

THE STRUGGLE

VOL.01 / NO.05 AUG-SEP / 2022

# CONTENTS

## Marxist Perspectives


01. *Don’t Mourn , Organize!* PAGE 10

02. ကမ်းကုန်အောင် မိုက်မဲ ရက်စက်နေဦးမယ့် စစ်ကောင်စီ PAGE 13

03. လေဘာ လှုပ်ရှားမှု ပြန်လည်ရှင်သန်လာရေး PAGE 19

04. Industrial Women workers are fighting back – Revive the labour movement! PAGE 28

05. တန်ပြန်တော်လှန်ရေးရဲ့ ရန်စအကြမ်းဖက်မှုကိုခုခံတိုက်ပွဲဝင်ခဲ့တဲ့ သီရိလင်္ကာ ကလူထု အုံကြွမှု PAGE 35


## Theoretical Section


PAGE 52 အဖွင့်မိတ်ဆက် -In Memory of Leon Trotsky


PAGE 54 The Transitional Program (မြန်မာဘာသာပြန်) 01.

အောက်တိုဘာ တော်လှန်ရေးကို ခုခံကာကွယ်ခြင်း - အပိုင်း ၂ 02.
PAGE 67


## EDITORIAL


သီရိလင်္ကာတော်လှန်ရေးက မီးမောင်းထိုးပြလိုက်တဲ့ တော်လှန်ရေးခေါင်းဆောင်မှု ပြဿနာ

PAGE 03



> သီရိလင်္ကာ လူထု သမ္မတအိမ်တော် ဝင်စီးတာဟာ တော်လှန်ရေးရဲ့ ရေဆူမှတ်အမြင့်ဆုံးအဆင့်ကို ရောက်ကြောင်း ပြလိုက်တာ ဖြစ်တယ်။ အဆုံးအဖြတ် တိုက်ပွဲဆိုတာဒီလို အခြေအနေကို ရည်ညွှန်းတာပါ။ ဒီကာလဟာ အချိန်အားဖြင့် အကြာကြီး မတည်နိုင်ပါဘူး။

# သီရိလင်္ကာတော်လှန်ရေးက မီးမောင်းထိုးပြလိုက်တဲ့ တော်လှန်ရေးခေါင်းဆောင်မှု ပြဿနာ

**အယ်ဒီတာ့အာဘော်**

ပြီး ခဲ့တဲ့ ဇူလိုင် ၉ရက်နေ့က သီရိလင်္ကာမှာဖြစ်သွားတဲ့ တော်လှန်အုံကြွမှုကြီးဟာဆိုရင် ရင်သပ်ရှုမောဖွယ် သမိုင်းဝင် ဖြစ်ရပ်ကြီးတစ်ခုပါပဲ။ အဖိနှိပ်ခံ လူထုကြီးကိုယ်တိုင် အလိုအလျောက်ရုန်းထပုန်ကန်မှုရဲ့ အားသာချက်၊ အားနည်းချက်ကိုလည်း ထင်ထင်ရှားရှား မီးမောင်းထိုးပြသွားခဲ့တယ်။

သောင်းသိန်းချီတဲ့ လူထုကြီးဟာ ဒေသအသီးသီးကနေ မြို့တော် ကိုလမ်ဘိုဆီ ရရာနည်းနဲ့ အရောက်ချီတက်ခဲ့ကြ တယ်။ အစိုးရရဲ့တွေ ပိတ်ဆို့ထားတဲ့ဘယ်ရီကိတ် အထပ်ထပ်ကို တွန်းဖယ်ဖြတ်ပြီး သမ္မတအိမ်တော်ကို ဝင်ရောက်သိမ်းပိုက်လိုက်တယ်။ သီရိလင်္ကာသမ္မတကို နှုတ်ထွက်ပေးဖို့ လူထုက တောင်းဆိုတိုက်ပွဲဝင်နေကြတာ ရက် ၁၀၀ ကျော်နေပါပြီ။ ဒါကိုလစ်လျူရှုပြီး အာဏာဖက်တွယ်ထားတဲ့သမ္မတဆိုသူ လူထုသူပုန်ထမှုကြီးနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လိုက်ရတဲ့အခါ ဖနောင့်နဲ့တင်ပါး တသားတည်းကျအောင် ထွက်ပြေးရတော့တယ်။

နောက်ဆုံးမှာ တော့ ပြည်ပကနေ နှုတ်ထွက်စာတင်လိုက်ရတယ်။ ဒါဟာ သီရိလင်္ကာ လူထုကြီး တော်လှန်ပုန်ကန်လာခြင်းရဲ့ အောင်သီးအောင်ပွင့် တစ်ခု



return to contents

ဖြစ်ပါတယ်။ တကယ်တော့ သီရိလင်္ကာ လူထုကြီးဟာ သမ္မတ Rajapaksa ကိုပဲ ဆန့်ကျင်နေကြတာ မဟုတ်ပါဘူး။ ဒီ လူထု အရေးတော်ပုံကြီး အစကတည်းက “Go Home 225” ဆိုတဲ့ ကြွေးကြော်သံ ကို ဖော်ထုတ်ခဲ့ကြတယ်။ ၂၂၅ ဆိုတာ ပါလီမန်ထဲက အမတ် ၂၂၅ ဦးကို ရည်ညွှန်း တာပါ။ သဘောကတော့ Rajapaksa မင်းဆက်ကိုပဲ မလိုလားတာ မဟုတ်ဘူး ၊ လက်ရှိတည်ဆဲ အဆောက်အအုံတစ်ခု လုံးကို လူထုက ဆန့်ကျင်နေတာ။ ဘူဇွာ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေ ဘယ်သူ့ကိုမှ မယုံဘူးလို့ ဟစ်ကြွေးထား တာ ဖြစ်တယ်။

မေ ၉ ရက်နေ့မှာ သမ္မတ Rajapak-sa ရဲ့ အစ်ကိုဖြစ်သူ ဝန်ချုပ် မဟင်ဒါ ရာ ဂျာပက်ဆာ နှုတ်ထွက်သွားခဲ့ရတယ်။ တိုက်တိုက်ဆိုင်ဆိုင် နောက် နှစ်လအ ကြာ ဇူလိုင် ၉ ရက်နေ့မှာပဲ သမ္မတ ဂိုတာ ရာဂျာပက်ဆာ ထွက်ပြေးရတယ်။ တည် ဆဲ နိုင်ငံရေးပါတီတွေနဲ့ regime တစ်ခုလုံး ကို အယုံအကြည်ကင်းမဲ့နေတဲ့ လူထုကြီး ဟာ သမိုင်းတွင်မယ့် တော်လှန်ပုန်ကန်မှု ကြီး ဆင်နွှဲပြီး သမ္မတအိမ်တော်ကို တက် သိမ်းနိုင်ခဲ့တယ်။ တာလီဘန်တွေ၊ ဒေါ် နယ်ထရမ့် ထောက်ခံသူတွေ သမ္မတအိမ် တော်ဝင်စီးတာမျိုးနဲ့လုံးဝ မနှိုင်းယှဥ်အပ် ဘူး။ သီရိလင်္ကာလူထု သမ္မတအိမ်တော် ဝင်စီးတာဟာတော်လှန်ရေးရဲ့ ရေဆူမှတ် အမြင့်ဆုံးအဆင့်ကို ရောက်ကြောင်း ပြ လိုက်တာ ဖြစ်တယ်။

အဆုံးအဖြတ် တိုက်ပွဲဆိုတာဒီလို အခြေအနေကို ရည်ညွှန်းတာပါ။အန်ယူဂျီ က ဖော်ဝေစိုးတို့လို ဖေ့(စ်)ဘွတ်(ခ်) ပေါ် ကနေ ပို့(စ်)လေးတစ်ခုနဲ့“အဆုံးအဖြတ် တိုက်ပွဲ”ဆိုပြီး အော်ချင်သလို ထအော် လို့ရတာမျိုး မဟုတ်ပါဘူး။အဆုံးအဖြတ် တိုက်ပွဲဆိုတဲ့အတိုင်းပဲ တော်လှန်ရေး တစ်ခုရဲ့ အရေးကြီးဆုံး အာဏာပြဿနာ ကို အပြီးတိုင် ဖြေရှင်းနိုင်ရပါတယ် ။သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ အခိုက်အတန့်လည်း ဖြစ်ပါတယ်။ တော် လှန်သော လူထုဘက်က အောင်ပွဲခံ အနိုင်ရမလား၊ ဒါမှမဟုတ် အဆုံးအဖြတ် အာဏာပြဿနာကို အပြီးတိုင် မဖြေ ရှင်းနိုင်ပဲ အုပ်စိုးသူ လူတန်းစားဘက်က


return to contents

တန်ပြန် တော်လှန်ရေး ဆင်နွှဲသွားမလား အဆုံးအဖြတ်ပေးတဲ့ ကာလ ဖြစ်ပါတယ်။ ဒီကာလဟာ အချိန်အားဖြင့် အကြာကြီး မတည်နိုင်ပါဘူး။ အလွန်တိုတောင်းတဲ့ အခိုက်အတန့်ပဲ အခွင့်အရေး ရနိုင်ပါတယ်။ လနဲ့ချီ နှစ်နဲ့ချီပြီး ကြာမြင့်ဖို့ မမျှော်လင့်ကောင်းဘူး။

ဘယ်လူတန်းစားကလူ့အဖွဲ့အစည်းကို ပဲ့ကိုင်အုပ်စိုးမလဲ အဆုံးအဖြတ်ပေးတဲ့ကာလ ဖြစ်ပါတယ်။ဒါ့ကြောင့် သမ္မတအိမ်တော်ကို ဝင်သိမ်းပိုက်လိုက်တာဟာ အဆုံးအဖြတ်ကာလကို ချဉ်းနင်းဝင်ရောက်သွားတာလို့ ဆိုနိုင်တယ်။ ဘုရင်နောင် ဖောင်ဖျက်(သို့) ရှုဘီကွန်မြစ်ကို ဖြတ်လိုက်သလို နောက်ပြန်လှည့်လို့ မရတော့ဘူး။

ဒါ့ကြောင့် အဲဒီလို တော်လှန်ရေးရဲ့အမြင့်ဆုံး ရေဆူမှတ် အဆုံးအဖြတ်ကာလမှာတော်လှန်ရေး ခေါင်းဆောင်မှုရှိနေဖို့ အထူးလိုအပ်တယ်။ လူထုကိုယ်တိုင်အစိုးရ လုံခြုံရေး အင်အားတွေရဲ့ တားဆီးပိတ်ဆို့မှုကို ဖြတ်ကျော်ပြီး သမ္မတအိမ်တော်ကို ဝင်သိမ်းလိုက်တဲ့အဆင့်ကို ရောက်သွားခဲ့ပြီ။ သဘောက သမ္မတယောက်တည်း ထွက်ပြေးရတဲ့ အခြေအနေ မဟုတ်ဘူး။ တည်ဆဲနိုင်ငံတော်ကိုယ်တိုင် ဖရိုဖရဲ ဖြစ်သွားခဲ့ပြီ၊ လူထုအုံကြွမှု ဒီရေကို တားဆီးနိုင် ခြင်းမရှိတော့ဘူးဆိုတာ မြင်ဖို့ အရေးကြီးပါတယ်။ ဒီအခြေအနေကို ဆိုက်ရောက်လာခဲ့ပေမယ့် တော်လှန်ရေးကို အဆုံးသတ်အောင်ပွဲ ရတဲ့အထိ မစွမ်းဆောင်နိုင်ခဲ့ဘူး။ဒါဟာ အဖိနှိပ်ခံ လူထုကြီးရဲ့ ချို့ယွင်းချက် မဟုတ်ဘူး။ အလိုအလျောက်အုံကြွမှုတွေရဲ့ အားနည်းချက်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်ဖို့ အရေးကြီးတယ်။ လူထုကိုယ်တိုင် အလိုအလျောက်တိုက်ပွဲဝင်ခဲ့လို့ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိခဲ့ပေမယ့် အဆုံးသတ် အောင်ပွဲဆီဦးဆောင်မှုပေးနိုင်တဲ့ တော်လှန်ရေးပါတီနဲ့ ခေါင်းဆောင်မှုကို ကြိုပြီးတည်ဆောက်မထားနိုင်ရင် အခုလို အဖြစ်မျိုးတွေကို ကြုံတွေ့နေရဦးမယ်။

စဉ်းစားကြည့်ပါ၊ လီနင်တို့ကြိုတင်တည်ဆောက် ထားခဲ့သလိုမျိုးတော်လှန်ရေးပါတီနဲ့ ခေါင်းဆောင်မှုမျိုးသာ ရှိနေခဲ့ရင်



return to contents




အလိုအလျောက် အုံကြွလာတဲ့ လူထုသူပုန်ထမှုကြီးကို အဆုံးသတ်အောင်ပွဲဆီ ဆက်လက် ဦးဆောင်သွားခဲ့မှာ မြေကြီးလက်ခတ်မလွဲဘူး။သမ္မအိမ်တော်ကို ဝင်သိမ်းပြီးမှ အိမ်ပြန်သွားတာမျိုး ဖြစ်ခဲ့မှာ မဟုတ်ဘူး။ဒီလို အဆုံးအဖြတ်ကာလမှာ ရှေ့ဆက်ဘာလုပ်မလဲ လမ်းညွှန်ပြပေးနိုင်မယ်။တိုက်ပွဲဝင် လူထုကြားကနေ ‘organs of power’ ထွက်ပေါ်လာအောင် ကြိုးစားလိမ့်မယ်။

၁၉၀၅ ရုရှား တော်လှန်ရေးမှာ လူထုကိုယ်တိုင် ဆိုဗီယက်တွေ ထူထောင်ခဲ့ကြတယ်။ ၁၉၀၅ တော်လှန်ရေးက အရေးနိမ့်သွားခဲ့တယ်။ ဒါပေမယ့် အချည်းနှီး မဖြစ်ခဲ့ဘူး။ ၁၉၁၇ ရုရှား ဖေဖော်ဝါရီ တော်လှန်ရေးဖြစ်တော့ အလုပ်သမား ၊ စစ်သား၊ လယ်သမား ဆိုဗီယက်တွေ ပြန်ထူထောင်ကြတယ်။ ဆိုဗီယက်ကို အင်္ဂလိပ်လိုတော့ ကောင်စီလို့ ဘာသာပြန်နိုင်တယ်။ နာမည်တွေသာ ကွဲချင်ကွဲမယ်။ လူထု တော်လှန်ရေးတခု ဖြစ်တိုင်း အဲဒီလို organ of power တွေဟာ ပုံစံအမျိုးမျိုး နာမည်အမျိုးမျိုးနဲ့ထွက်ပေါ်လာတတ်ကြတယ်။ သပိတ်ကော်မတီ


return to contents

၊ စက်ရုံကော်မတီ၊ ချီလီမှာဆို cabildo ဆိုတဲ့နာမည်နဲ့ ပေါ်ထွက်ခဲ့တယ်။ ဒီစုဖွဲ့မှုတွေဟာ ဆိုဗီယက်အဆင့်မဟုတ်သေးရင်တောင် တော်လှန်ရေး လူထုအာဏာ ထူထောင်နိုင်ဖို့ embryonic form တွေ ဆိုတာ အသေအချာ ပြောနိုင်တယ်။ အဲဒီအဆင့်ကနေ ကြီးထွားရင့်သန်လာအောင် ၊ တခွင်တပြင်လုံး စုစည်းမိအောင် လုပ်ပေးရမှာ၊ ဦးဆောင်လမ်းညွှန်ပေးရမှာ တော်လှန်ရေး ခေါင်းဆောင်မှုရဲ့ တာဝန်ပဲ။ တော်လှန်ရေး ဒီရေမြင့်ကာလမှာ ဒီလို မလုပ်ခဲ့တဲ့အပြင် embryonic form အနေနဲ့ ထွက်ပေါ်လာတဲ့ စုဖွဲ့မှုအသီးသီးကို ဖျက်စီးပစ်တာ ဒါမှမဟုတ် sabotage လုပ်ပစ်တာမျိုးကို သစ္စာဖောက်လုပ်ရပ်လို့ အတိအကျ ပြောရလိမ့်မယ်။

တော်လှန်ရေး ခေါင်းဆောင်မှုသာရှိခဲ့ရင် လူထုအုံကြွမှုအတွင်းကနေ ထွက်ပေါ်လာတဲ့ Organs of power ကို အခြေခံပြီး နိုင်ငံတော်ကို လူထုကိုယ်တိုင် အပြီးတိုင်ဖယ်ရှားကာ နိုင်ငံရေးအာဏာကို သိမ်းယူလိမ့်မယ်။ တချိန်တည်းမှာပဲ သီရိလင်္ကာ လူထု ရင်ဆိုင်နေရတဲ့ စီးပွားရေး ကပ်ဘေးကနေ လွတ်မြောက်အောင် ဆိုရှယ်လစ် လုပ်ငန်းစဉ်ကို အကောင်အထည် ဖော်သွားလိမ့်မယ်။ နိုင်ငံရေး အာဏာသိမ်းလိုက်တဲ့ လူထုက ပြည်ပကြွေးမြီတွေ ဖျက်သိမ်းပြီး ဘဏ်တွေကို ပြည်သူပိုင် သိမ်းယူလိုက်လိမ့်မယ်။ သမ္မတဟောင်းအပါအဝင် အုပ်စိုးသူ လူတန်းစားတရပ်လုံး သိမ်းယူထားတဲ့ ကုန်ထုတ်ပစ္စည်းတွေ (ခနဥစ္စာတွေ)ကို လူ့အဖွဲ့အစည်းပိုင် သိမ်းယူပြီး ဒီမိုကရေစီနည်းကျ စီမံတဲ့ စီးပွားရေးစနစ်ကိုစတင် အကောင်အထည်ဖော်သွားလိမ့်မယ်။

အလိုအလျောက် အုံကြွလာတဲ့လူထုသူပုန်ထမှုရဲ့ အမြင့်ဆုံးအဆင့်ရောက်နေချိန်မှ လူထုကြားကနေဒီလို စနစ်တကျ ပြင်ဆင်ထားတဲ့တော်လှန်ရေး ပရိုဂရမ်တခု ထွက်ပေါ်လာဖို့ မမျှော်လင့်ကောင်းဘူး။ အဲဒီလို တော်လှန်ရေး အမြင်နဲ့ လုပ်ငန်းစဉ်တွေကို လူထု အုံကြွမှုနဲ့ ပေါင်းစပ်ပေးနိုင်မယ့် တော်လှန်ရေး ပါတီတခုကိုလည်းအာဏာ ပြဿနာ ဆုံးဖြတ်ခါနီး မိုးထဲရေထဲကျမှ ဖုတ်ပူမီးတိုက် ထူထောင်ဖို့ကြိုးစားမယ်ဆိုရင်လည်း



return to contents

အချိန်မမီနိုင်တော့ဘူး။

ပကတိဘာဝ အခြေအနေတွေရင့်မှည့်လာလို့ လူထုသူပုန်ထမှု အလိုအလျောက် ပေါက်ကွဲထွက်လာခြင်းနဲ့ တော်လှန်ရေး ပါတီဆိုတဲ့ အတ္တဘာဝအကြောင်းအချက်ကင်းမဲ့နေခြင်းကြားက ပဋိပက္ခ၊ အဆုံးအဖြတ်ကာလကယာယီအခိုက်အတန့်ပဲ တည်ရှိနိုင်ပေမယ့် တော်လှန်ရေး ပါတီတစ်ခုကို တော့နှစ်ရှည်လများ တည်ဆောက်ရခြင်း ဆိုတဲ့ ပဋိပက္ခ။

၂၀ ရာစု တ လျှော က် လုံး နဲ့ ဒီကနေ့ ၂၁ရာစုအထိ တော်လှန်ရေးတွေ အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရပေမယ့်အောင်ပွဲရခဲ့တဲ့ တော်လှန်ရေးတွေအလွန်နည်းပါးနေ ခြင်းဟာ အ ထ က် မှာ ရှင်းပြ ခဲ့ တဲ့ ပဋိပက္ခကြောင့်လို့ ဆိုနိုင်တယ်။ ဒီအချက်ကို နားမလည်တဲ့အခါမော့(က်စ်)တို့ ခန့်မှန်းခဲ့သလိုအနောက်ဥရောပမှာ တော်လှန်ရေးတွေမဖြစ်ခဲ့ဘူးလို့ အလွဲလွဲအမှားမှားပြောတာမျိုးတွေထပ်တလဲလဲ ကြားလာရတယ်။တကယ်တော့ တော်လှန်ရေးတွေ အများကြီး ဖြစ်ခဲ့တယ်၊ အောင်ပွဲရခဲ့တာသာ အလွန်ရှားပါးခဲ့ခြင်း ဖြစ်ပါတယ်။ တော်လှန်ရေးတွေ အရေးနိမ့်ရခြင်း အကြောင်း ကိုလည်း လူတန်းစား၊ ပါတီနဲ့ ခေါင်းဆောင်မှုကြားက ဒိုင်ယာလက်တစ် ဆက်နွှယ်မှုကို ဆန်းစစ်နိုင်မှ နားလည် နိုင်မယ်။အဲဒီလို မဆန်းစစ်နိုင်ရင်တော့ လူထုကို တိုက်ရိုက် အပြစ်မတင်ရင်တောင် လူထုရဲ့ အသိစိတ် mature မဖြစ်သေးလို့ ၊ လူထုကိုယ်တိုင် လက်နက် မကိုင်သေးလို့ ၊ နေ့စဉ်ပုံမှန်ဘဝထဲ မြောသွားလို့စသဖြင့် သွယ်ဝိုက် အပြစ် ပြောတာမျိုး လုပ်လာကြမယ်။

ဒီလိုလူထုနဲ့ ခေါင်းဆောင်မှုကြားက ဒိုင်ယာလက်တစ် ဆက်နွှယ်မှုကို နားမလည်တဲ့အခါ တော်လှန်ရေးတရပ် ရှုံးရခြင်း အကြောင်းကို မသိတော့ မှားယွင်းတဲ့ ကောက်ချက်တွေ ဆွဲသွားကြတယ်။ တော်လှန်ရေး ခေါင်းဆောင်မှု ကင်းမဲ့နေလို့ (အချောင်သမားတွေ ပြုပြင်ရေးဝါဒီတွေက ခေါင်းဆောင်မှုနေရာ ယူထားလို့) အဆုံးအဖြတ် ကာလ ကို လက်လွှတ်လိုက်ရပြီးမှ လက်နက်ကိုင်နည်းနဲ့ လူထုအုံကြွမှုကို ဆန္ဒရှိသလို ဖန်တီးယူဖို့ကြိုးစား



return to contents

ကြတယ်။ လူထု အုံကြွမှုတစ်ခုဟာ ဇွတ်
အတင်း ဖန်တီးယူလို့မရသလိုပကတိ
ဘာဝ အခြေအနေ ရင့်မှည့်လာရင်လည်း
ဘယ် အရာကမှ ဟန့်တားနိုင်ခြင်း မရှိဘူး
ဆိုတာ သီရိလင်္ကာ လူထု တော်လှန်ရေး
ကြီးက သက်သေပြသွားခဲ့ပါတယ်။

အဲဒီလို တော်လှန်ရေးတခုရဲ့အခြေခံ
သဘောသဘာဝကို နားမလည်ကြတဲ့
အခါ ဇွတ်အတင်း ဖန်တီးယူဖို့ ကြိုးစား
နေရင်း ကိုယ့်တာဝန်၊ကိုယ့်အခန်းကဏ္ဍ
ကို မေ့သွားကြတယ်။ သီရိလင်္ကာ လူထု
အုံကြွမှုလိုမျိုး တော်လှန်ရေး ဒီရေအမြင့်
ဆုံးအဆုံးအဖြတ် ကာလကို ရောက်သွား
တဲ့အခါ အောင်ပွဲဆီ ဦးဆောင်လမ်းညွှန်
ပေးနိုင် တဲ့ တော်လှန်ရေး ခေါင်းဆောင်မှု
၊ဆိုရှယ်လစ် လုပ်ငန်းစဉ်နဲ့ လူထုအုံကြွ
မှုကို ပေါင်းစပ်ပေးနိုင်စွမ်းရှိတဲ့ ကေဒါ
အလုံအလောက်ရှိတဲ့ တော်လှန်ရေး ပါတီ
တစ်ခု တည်ဆောက်ရေးဟာ အရေးကြီး
ဆုံး ဒီကနေ့ တော်လှန်ရေး တာဝန်ပဲ။
ဒီတာဝန်ကိုမေ့ပြီး အထွေထွေ သပိတ်
ကြီး ခေါ်နေမယ်၊ လက်နက်ကိုင် အုံကြွ
မှုကြီးကြွေးကြော်နေမယ် ဆိုရင် အလွန်
တာဝန်မဲ့ရာ ရောက်တယ်။ ပြင်ဆင်မှုမရှိ
ဘဲ တပ်သားတွေကို ရှေ့တန်းပို့လွှတ်တဲ့
တပ်မှူးတယောက် ထက် ပိုမိုက်မဲရာကျ
တယ်။



# DON'T MOURN, ORGANIZE!





return to contents



# Don’t mourn, Organize!

နိုင်ငံရေး အကျဉ်းသားတွေဖြစ်တဲ့ ဦးဂျင်မီ၊ ဦးဖြိုးဇေယျာသော်၊ ဦးလှမျိုးအောင်နဲ့ ဦးအောင်သူရဇော်တို့ လေးဦးကို အာဏာသိမ်း စစ်ကောင်စီက လူမသိသူမသိ ခိုးကြောင်ခိုးဝှက် သတ်ဖြတ်လိုက်တယ်။ ရန်ကုန် အင်းစိန်ထောင်မှာ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ကိုယ်တိုင် အနီးကပ်ကွပ်ကဲပြီး ကြိုးပေးသတ်ဖြတ်ခဲ့ကြောင်း မြန်မာနောင်း သတင်းဌာနက ဖော်ပြထားပါတယ်။ ဗိုလ်မင်းအောင်လှိုင်၊ ဗိုလ်စိုးထွဋ်တို့ ခေါင်းဆောင်တဲ့ စစ်အုပ်စု တခုလုံး သမိုင်းမှာ ဖျောက်ဖျက်မရနိုင်တဲ့ လူသတ်မှုကြီးကို ကျူးလွန်လိုက်တာပဲ။ ပြည်တွင်းပြည်ပက အပြင်းအထန် ကန့်ကွက်နေပါရက် နိုင်ငံရေး အကျဉ်းသားတွေကို အခုလို သတ်ပစ်လိုက်တဲ့ လုပ်ရပ်ဟာ အာဏာသိမ်း စစ်ကောင်စီအနေနဲ့ ‘ဘယ်သူ့မှ လူမထင်ဘူး၊ ငါတို့သတ်ချင်သလို သတ်နိုင်တယ်ကွ’ဆိုပြီးမိုက်ကြေးခွဲပြလိုက်တာပဲ။ဘယ်ချိန်သတ်လိုက်မှန်းတောင် သက်ဆိုင်ရာမိသားစုဝင်တွေ မသိလိုက်ရသလိုရုပ်အလောင်းတောင် ပြန်မပေးခဲ့ဘူး။ အာဏာသိမ်း စစ်အုပ်စုနဲ့ လက်ပါးစေ စစ်တပ်ဟာ လူသတ်၊ မုဒိမ်းကျင့်၊

အလောင်းဖျောက်၊ ရွာလုံးကျွတ်မီးရှို့တဲ့ ရာဇဝတ်မှုတွေကို ထမင်းစားရေးသောက် လို တောက်လျှောက်ကျူးလွန်ခဲ့ကြပြီး သား ဖြစ်ပါတယ်။ ထောင်သွင်း အကျဉ်းချ ထားပြီးသား နိုင်ငံရေးသမားတွေကို အခု လို သတ်ပစ်တာဟာ အဆုံးစွန် ရက်စက် ယုတ်မာခြင်း ဖြစ်ပြီး လူထုတရပ်လုံးကို တုန်လှုပ်ခြောက်ခြားအောင် မထီမဲ့မြင် ပြု ခြိမ်းခြောက်တာလည်း ဖြစ်တယ်။ အာဏာသိမ်း စစ်အုပ်စုနဲ့တကွ လက်ပါးစေတွေအားလုံးကို လူထုရဲ့နာ ကျဉ်းမုန်းတီးမှု၊ ရွံရှာစက်ဆုပ်မှုကတော့ တနေ့တခြား ကြီးမားလာတယ်။

အာဏာသိမ်း စစ်အုပ်စုရဲ့ နိုင်ငံရေး အကျဉ်းသားတွေကို သတ်ဖြတ်၊ အလောင်း ဖျောက်ပစ်မှုကို ကျနော်တို့ အနေနဲ့ အပြင်းအထန် ဆန့်ကျင်ရှုတ်ချ တယ်။ ဒီလို နိုင့်ထက်စီးနင်း သတ်ချင် သလို သတ်ပစ်တတ်တဲ့ စစ်အုပ်စုကို ပြင် သစ်တော်လှန်ရေး ထုံးနှလုံးမူပြီး guillo-tine စက်တင်ကာ လူထုက တရားစီရင် ရ လိမ့်မယ်။ ဘယ်သောအခါမှ ရင်ကြားစေ့ ရေး၊ ပြန်လည်သင့်မြတ်ရေး မရှိစေရ ။ဗမာပြည် စစ်အုပ်စုဟာ အဖိနှိပ်ခံ လူထုအဖို့ လူတန်းစား ရန်သူ ဖြစ်တယ်။ ဒီကနေ့ အဖိနှိပ်ခံ လူထုကြီးရဲ့ နာကျဉ်း မုန်းတီးမှု၊ ဒေါသထွက်ခံပြင်းမှုတွေ ဟာ အင်အားအဖြစ် စုစည်းသွားကြ ရမယ်၊ အုပ်စိုးသူ အာဏာသိမ်း စစ် အုပ်စုနဲ့ လက်ပါးစေတွေ လိုလားသလို တုန်လှုပ်ခြောက်ခြားသွားမှာ မဟုတ်ဘူး ။လူထုရဲ့ တော်လှန်စွမ်းပကားအပေါ် ယုံကြည်မှုနဲ့ စုစည်းကြရမယ်၊ ပြင်ဆင် ကြရမယ်၊ ပြန်လည်တိုက်ပွဲဝင်ရမယ်။





return to contents



# ကမ်းကုန်အောင် မိုက်မဲ ရက်စက်နေအုံးမယ့် စစ်ကောင်စီ

အကြမ်းဖက် စစ်တပ်က မတရားဖမ်းဆီးပြီးသေဒဏ်ချမှတ်ထားတဲ့ နိုင်ငံရေး အကျဉ်းသားဦးဂျင်မီ၊ ဦးဖြိုးဇေယျာသော်၊ ဦးလှမျိုးအောင်နဲ့ ဦးအောင်သူရဇော်တို့ လေးဦးကို လူမသိသူမသိ ခိုးကြောင်ခိုးဝှက် သတ်ဖြတ်လိုက်ပါတယ်။

အကြမ်းဖက်စစ်တပ်ဟာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းတစ်ဦးဖြစ်တဲ့ ဦးဂျင်မီ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်NLD ပါတီရဲ့ အမတ် တစ်ဦးဖြစ်ခဲ့တဲ့ ဦးဖြိုးဇေယျာသော် တို့ အပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားတဲ့ သာမန် အရပ်သား ဦးလှမျိုးအောင်နဲ့ ဦးအောင်သူရဇော် တို့ကို ပြီးခဲ့တဲ့ လ နောက်ဆုံးအပတ်က ကြိုးပေး သတ်ဖြတ်ခဲ့တာဖြစ်တယ်လို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။



return to contents

ဒီကြိုးပေးသတ်ဖြတ်မှု ဖြစ်စဉ်ကို ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ကိုယ်တိုင် ရန်ကုန်အင်းစိန်ထောင်မှာအနီးကပ်ကွပ်ကဲပြီး ကြိုးပေးသတ်ဖြတ်ခဲ့ကြောင်း မြန်မာနောင်း သတင်းဌာနက ဖော်ပြထားပါတယ်။

မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ အကြမ်းဖက် စစ်တပ်ဟာ အာဏာသိမ်းယူပြီးစထဲကမြန်မာပြည်သူ ၂၀၀၀ကျော်ကို နည်းလမ်းအမျိုးအမျိုးနဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီးပါတယ်။

ဒါပေမယ့် နိုင်ငံရေးအကျဉ်းသားတွေကိုမတရားကြိုးပေးသတ်ဖြတ်တာတွေကိုတော့ ပြီးခဲ့တဲ့ ဇူလိုင်လ နောက်ဆုံးရက်သတ္တပတ်မှ စတင်လုပ်ဆောင်လာတာဖြစ်ပါတယ်။

စစ်ကောင်စီရဲ့ ဥပဒေ နဲ့ အညီမဟုတ်ပဲ ဖွဲ့စည်းထားတဲ့ စစ်ခုံရုံးတွေဟာ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေ သူတို့ ဆန့်ကျင်နေတဲ့သူတွေကို မတရားသေဒဏ်ချခဲ့ပြီး ကိုယ်ထိလက်ရောက်သတ်ဖြတ်ကာ “ဖက်ဆစ်”စရိုက်ကို ပိုပြီးပြသလာတာဖြစ်ပါတယ်။

အရင်ထဲက ရိုဟင်ဂျာမွတ်ဆလင်တွေကိုလူမျိုးတုန်း သတ်ဖြတ်ခဲ့ပြီး ဗမာပြည်ဒေသအသီးသီးမှာ နေထိုင်တဲ့ လူမျိုးစုတွေကို စစ်ရာဇဝတ်မှုတွေ အကြိမ်ကြိမ်ကျူးလွန်ခဲ့တဲ့ မင်းအောင်လှိုင်စစ်တပ်ဟာ သူတို့ကို ဆန့်ကျင်နေတဲ့ ဘယ်သူ့ကိုမဆို ရက်ရက်စက်စက်သတ်ဖြတ်ဖို့ ဝန်မလေးကြောင်း ထပ်မံသက်သေထူလိုက်တာလည်းဖြစ်ပါတယ်။

ဒါ့အပြင် မင်းအောင်လှိုင်ဦးဆောင်တဲ့အကြမ်းဖက်စစ်တပ်ဟာနိုင်ငံရေးအကျဉ်းသားတွေ ကြိုးပေးသတ်ဖြတ်ပြီးနောက်ပိုင်းမှာလည်း ဦးဂျင်မီ ၊ ဦးဖြိုးဇေယျာသော်တို့ မိသားစုဝင်တွေကို ဒုက္ခအမျိုးမျိုးပေးခဲ့ပါသေးတယ်။

အာဏာသိမ်း စစ်ကောင်စီရဲ့ သေဒဏ်ပေး ကွပ်မျက်ခဲ့တဲ့ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ



return to contents

ဦးဂျင်မီ ခေါ် ဦးကျော်မင်းယု ရဲ့ မိခင်ဖြစ်သူနေထိုင်ရာ အင်းစိန်မြို့နယ် ပိန္နဲကုန်း ရပ်ကွက် သရက်ခြံ ၁ လမ်းက နေအိမ်နဲ့ လွတ်တော်ကိုယ်စားလှယ်ဟောင်း ကိုဖြိုးဇေယျာသော်ရဲ့ ကျောက်တံတား

အဲဒီလို ပစ်ခတ်မှုကြောင့် ဦးကျော်မင်းယု နဲ့ ဦးဖြိုးဇေယျာသော်တို့ရဲ့ နေအိမ်တွေသာမက အနီးဝန်းကျင်ရှိ နေအိမ်အဆောက်အအုံတွေကိုပါ ထိခိုက်ပျက်စီး



မြို့နယ် ဗိုလ်အောင်ကျော်လမ်းမှာ ရှိတဲ့ နေအိမ်တွေရှေ့ကို ဇူလိုင် ၂၇ ရက်နေ့ နေ့လယ်ပိုင်းကစစ်တပ်ထောက်ခံသူ ၅၀ ခန့်စီက တစ်ပြိုင်နက်လိုလိုမှာ ကားတွေနဲ့ သွားရောက်ကြပြီး အော်ဟစ်ဆဲဆိုခြိမ်းခြောက်ကြိမ်းမောင်းရုံသာမက လေးခွတွေ၊ ခဲတွေ၊ ကြက်ဥတွေနဲ့ ပစ်ပေါက်ခဲ့ကြပါတယ်။

မှုတချို့ရှိခဲ့တယ်လို့ သိရပါတယ်။

လာရောက်ဆူပူသူတွေက သူတို့မိသားစုဝင်တွေဟာ ဦးကျော်မင်းယုနဲ့ ဦးဖြိုးဇေယျာသော်တို့ကြောင့် သေဆုံးခဲ့ရတယ်ဆိုပြီး အော်ဟစ်ခဲ့ကြတယ်လို့လည်း သိရပါတယ်။

ခုလိုလုပ်ရပ်တွေဟာ စစ်ကောင်စီက ရည်ရွယ်ချက်ရှိရှိ စီစဉ်ထားတဲ့ အကြမ်းဖက်မှုတွေ ဖြစ်ပြီး ဟစ်တလာက ဂျူးတွေကို သတ်ဖြတ်တာ တရားဝင်ကြောင်း လမ်းပေါ်ထွက် ထောက်ခံခဲ့ကြဖူးတဲ့ နာဇီ ခေတ် ဖြစ်ရပ်တွေ နဲ့ အလားသဏ္ဍာန်တူနေပါတယ်။

ဒါ့အပြင် နိုင်ငံရေးအကျဉ်းသား ၄ဦး သေဒဏ်စီရင်မှုကို ထောက်ခံတဲ့ ဆန္ဒပြပွဲတစ်ခုကိုလည်း စစ်ကောင်စီကျောထောက်နောက်ခံပြု ကြံ့ခိုင်ရေးပါတီ က အမတ်ဟောင်း တချို့ ဦးဆောင်ပြီး ဇူလိုင်လ ၂၉ ရက်နေ့က ပြုလုပ်ခဲ့ပါသေးတယ်။

ဒီထောက်ခံပွဲကို စစ်တပ်က လုံခြုံရေး အထပ်ထပ် ချထားပြီး အများပြည်သူ ကို အသွားအလာကန့်သတ်ထားတဲ့ရန်ကုန်မြို့တော်ခန်းမရှေ့ မှာပြုလုပ်ခဲ့တာဖြစ်ပါတယ်။

အဲ့ဒီနေ့ မနက်ပိုင်း ထဲက ရန်ကုန်မြို့တော်ခန်းမရှေ့မှာ စစ်တပ်ထောက်ခံသူ ရာနဲ့ချီ စုရုံးရောက်ရှိနေပြီး စစ်ချီတေးတွေ ၊ အမျိုးသားရေး သီချင်းတွေဖွင့်သီဆိုကာ စစ်ကောင်စီရဲ့ မတရားသတ်ဖြတ်မှုကို ထောက်ခံခဲ့ကြတာဖြစ်ပါတယ်။





return to contents

အခုလို လုပ်ရပ်တွေကို ဗမာစစ်တပ် ထောက်ခံသူတွေမကြာခဏပြုလုပ်လေ့ ရှိပြီး ရေ့နှစ်တွေမှာလည်း ရိုဟင်ဂျာ အရေး နဲ့ ပတ်သက်ပြီး ခုလို လူအင်အား ပြစုရုံးတာတွေ လုပ်ဆောင်ခဲ့ဖူးပါတယ်။

အမျိုးသားရေးလို့ခေါင်းစဉ်တပ်ထား ပြီးခုလိုအကြမ်းဖက်လူသတ်တာတွေကို ထောက်ခံတဲ့ လုပ်ရပ်တွေဟာ ဒုတိယ ကမ္ဘာစစ်မတိုင်မီ အီတလီ နဲ့ ဂျာမနီ နိုင်ငံ တွေမှာ” ဖက်ဆစ်”နဲ့ နာဇီခေါင်းဆောင် တွေ ပြုလုပ်နေကြ ထောက်ခံပွဲတွေနဲ့ ဆင်တူနေပါတယ်။

ဒါ့အပြင် အကြမ်းဖက်စစ်တပ် ဝါဝန် ရှိသူတွေရဲ့ ပြောစကားတွေကလည်း “ဖက်ဆစ်”လူမိုက်တွေရဲ့ ပြောစကားနဲ့ ထပ်တူပဲ ဖြစ်ပါတယ်။

ဦးကျော်မင်းယုနဲ့ ဦးဖြိုးဇေယျာသော်တို့ ကို ကွပ်မျက်ခဲ့ခြင်းနဲ့ ပတ်သက်ပြီးစစ် ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်း ထွန်းက သူတို့ဟာ သေဒဏ် အကြိမ်ကြိမ် ကျခံထိုက်သူတွေဖြစ်တယ်လို့ ဇူလိုင် ၂၆ ရက်နေ့က ပြောခဲ့ပါတယ်။

ဒါ့အပြင် သေဒဏ်စီရင်မှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ် လို့လည်း စစ်ကောင်စီပြောခွင့်ဇော်မင်း ထွန်းက မီဒီယာတွေကို ပြောခဲ့ပါတယ်။

သေဒဏ်ကျ အကျဉ်းသားလေးဦးကိုစီရင် ပြီးစီးတယ်လို့ စစ်ကောင်စီဘက်က ပြီးခဲ့ တဲ့ဇူလိုင်လ ၂၅ ရက်နေ့က သတင်းထုတ် ပြန်ခဲ့အပြီး ကျန်သေဒဏ်ချမှတ်ခံထားရ သူတွေကိုလည်း သေဒဏ် ထပ်မံစီရင်နိုင် တယ်လို့ပြောကြားခဲ့တာဖြစ်ပါတယ်။

နှစ် ၃၀ ကျော်အကြာခန့် သေဒဏ်စီရင် တာမရှိခဲ့တဲ့ မြန်မာနိုင်ငံမှာ သေဒဏ် စီရင်မှုတွေကို မင်းအောင်လှိုင်ဦးဆောင် တဲ့ အာဏာသိမ်းစစ်တပ်က ပြန်လည် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေး အသင်း AAPP က ထုတ်ပြန်တဲ့စာရင်း အရဆိုရင် လက်ရှိမှာ သေဒဏ်ချမှတ် ခံထားရပြီး အကျဉ်းထောင်တွင်းရှိနေသူ



return to contents

ကအမျိုးသမီး ၉ ဦးအပါအဝင် ၇၄ ဦးရှိနေတယ်လို့သိရှိရပါတယ်။

စစ်ကောင်စီရဲ့ သေဒဏ်စီရင်မိန့်နောက်ဆက်တွဲ ကြီးမားပြင်းထန်တဲ့ ကန့်ကွက်မှုတွေ ပြည်တွင်းပြည်ပရှိနေဆဲဖြစ်ပြီး ဒီအခြေအနေမှာပဲ စစ်ကောင်စီက သေဒဏ် ကွပ်မျက်မှုတွေဆက်လုပ်မယ်လို့ ပြောလာခဲ့တာဖြစ်ပါတယ်။

ဒီလုပ်ရပ်တွေဟာ မင်းအောင်လှိုင်ဦးဆောင်တဲ့ အကြမ်းဖက်စစ်တပ်နဲ့ မြန်မာ ပြည်သူတွေကြား အတူယှဉ်တွဲနေထိုင်ဖို့မဖြစ်နိုင်တော့ဘူးဆိုတာထပ်မံပြသခဲ့တဲ့ ဖြစ်စဥ်တွေဖြစ်ပြီးမင်းအောင်လှိုင်စစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ “ဖက်ဆစ်”စရိုက် ကို ထပ်မံပြသခဲ့တဲ့ လုပ်ရပ်တွေလည်းဖြစ်ပါတယ်။



return to contents



# လေဘာလှုပ်ရှားမှု ပြန်လည်ရှင်သန်လာရေး





# လေဘာလှုပ်ရှားမှု ပြန်လည်ရှင်သန်လာရေး

၂၀၂၂ခုနှစ် ဆဲဗင်းဂျူလိုင်နေ့က ရန်ကုန်၊ မင်္ဂလာဒုံ စက်မှုဇုံမှာ ထောင်နဲ့ချီတဲ့ အမျိုးသမီး အလုပ်သမားထုရဲ့ သပိတ်တိုက်ပွဲတစ်ခုကို မြင်တွေ့ခဲ့ရပါတယ်။ အေဒီကေ အထည်ချုပ်စက်ရုံက အမျိုးသမီး အလုပ်သမား ၂၀၀၀ ကျော်ဟာ လုပ်ခလစာ ဖြတ်တောက်မှုတွေ ၊ ဆိုးရွားလှတဲ့ အလုပ်ခွင်အခြေအနေတွေ၊ ပြင်းထန်ပြီးရင်း ပြင်းထန်လာတဲ့ သွေးစုပ်ခြယ်လှယ်မှုတွေကို ဆန့်ကျင်တိုက်ပွဲဝင်လာကြခြင်း ဖြစ်ပါတယ်။ အလုပ်သမားအခွင့်အရေးတွေ အပြည့်အဝရရှိဖို့၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နဲ့ လူမှုဖူလုံရေး ခံစားခွင့်တွေ အာမခံချက်ရရှိဖို့၊ လုပ်ခလစာ တိုးပေးဖို့ စတဲ့အချက်တွေကို သပိတ်မှောက် အလုပ်သမားတွေက တောင်းဆိုခဲ့ကြတာ တွေ့ရတယ်။

စက်ရုံအလုပ်ရုံတွေထဲမှာ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုတွေ၊ ပုံစံမျိုးစုံနဲ့ ဖိနှိပ်မှုတွေ ဒင်းကြမ်းပြည့်နေတယ်။ စက်မှုဇုံ အလုပ်သမားတွေဟာ တပတ်ကို အနည်းဆုံး ၆ ရက် အလုပ်ဆင်းကြရတယ်။ နေ့စဉ် မနက် ၇ နာရီကနေ ည ၇နာရီအထိ အတင်းအကြပ် ခိုင်းစေခံနေရတယ်။ ဒါ့အပြင် တနင်္ဂနွေ ပိတ်ရက်မျိုးမှာတောင် အချိန် ပိုဆင်းပေးနေကြရတယ်။

အရင်းရှင်တွေအဖို့တော့ ဒီလောက်အတင်းအကြပ် ခိုင်းစေနေရတာတောင် မကျေနပ်နိုင်သေးဘူး။ အလုပ်သမား



return to contents

တွေကို ကုန်ထုတ်စံချိန် ထပ်တိုးတောင်း ခဲ့တယ်။ နဂိုသတ်မှတ်ထားတဲ့ ကုန်ထုတ်စံချိန်က တနာရီကို ၄၅ ထည် ဖြစ်ပါတယ်။ ဒီသတ်မှတ်ချက်ကိုက မတန်တဆ ဖြစ်နေပါပြီ။ အခုထပ်တိုး တောင်းလိုက်တာက တနာရီကို ၆၂ ထည် ဖြစ်ပါတယ်။ တူညီသော အလုပ်ချိန်တစ်ခုအတွင်း ပြီးမြောက်ရမယ့် ကုန်ပစ္စည်း အရေအတွက်ကို ထပ်တိုး တောင်းဆိုခြင်းဟာ သွေးစုပ်ခြယ်လှယ်မှု ဒီဂရီကို အရှိန်မြှင့်တင်လိုက်တာပဲ ဖြစ်ပါတယ် ။ ဒီလိုနည်းနဲ့ အရင်းရှင် လူတန်းစားက အမြတ်အစွန်း ပိုရသွားတယ်။ တဖက်မှာတော့ အလုပ်သမား လူတန်းစား ဟာဘက်ပေါင်းစုံက ချွတ်ခြုံကျသွားရ တယ်။အသက်မြန်မြန် တိုသွားရတဲ့အထိ ပဲ။ လူတန်းစေ့ နေနိုင်ဖို့ကား ဝေးစွ။

ဒါ့ကြောင့် အလုပ်သမားထုအနေ နဲ့ ဆက်သည်းခံနေလို့ မဖြစ်တော့ ဘူး။ လူလိုသူလိုနေရဖို့ တွန်းလှန် တိုက်ပွဲဝင်ကြရုံသာ ရှိတော့တယ်။

# ဖိနှိပ်မှု

အခုလို စက်မှုဇုံ အမျိုးသမီး အလုပ်သမားတွေ ရုန်းထလာတဲ့ အခါအရင်းရှင်က အာဏာသိမ်း စစ်တပ် ကိုတပ်ကူခေါ်လိုက်တယ်။ ဇူလိုင်၇ရက်နေ့ ၁၁ နာရီလောက်မှာပဲ ရဲနဲ့စစ်သား၂၀လောက် သပိတ်တိုက်ပွဲ ဖြစ်ပွားတဲ့ဆီကို ရောက်လာခဲ့တယ် ။တကယ်တော့ ဒီစက်မှုဇုံတွေရှိတဲ့ မြို့နယ်တွေကို ၂၀၂၁ နွေဦးတော်လှန်ရေး ဖြစ်ကတည်းက စစ်အုပ်ချုပ်ရေး ကြေညာထားခဲ့ပြီးသား ဖြစ်ပါတယ်။

၂၀၂၁ဖေဖော်ဝါရီ ၁ရက်နေ့ စစ်အာဏာသိမ်းပြီး တလအကြာမှာ အာဏာသိမ်း စစ်အုပ်စုက အလုပ်သမား အဖွဲ့အစည်းတွေ၊ အလုပ်သမားသမဂ္ဂ တွေကို တရားမဝင် ကြေညာပြီးဖျက်သိမ်း ခဲ့တယ်။ အလုပ်သမားထုရဲ့ လွတ်လပ်စွာ သင်းပင်းစုရုံးခွင့်ကို ချိုးဖျက်လိုက် ခြင်း ဖြစ်တယ်။ အာဏာသိမ်း စစ်တပ် ရဲ့ ရက်ရက်စက်စက် အကြမ်းဖက် ဖြိုခွင်းမှုတွေကြောင့် အလုပ်သမား


return to contents

ခေါင်းဆောင်တချို့ ဘေးလွတ်ရာကို တိမ်းရှောင်သွားခဲ့ရတယ်။

အဲဒီနောက်ပိုင်း ဗမာပြည် လေဘာ လှုပ်ရှားမှုလည်း နောက်ပြန်ခေါက်သွားတော့တယ်။ အရင်းရှင်တွေက ပိုပြီး အတင့်ရဲလာတယ်၊ သွေးစုပ်ခြယ်လှယ်မှုကို ဆတိုးနဲ့လုပ်လာခဲ့တယ်၊ ဖိနှိပ်မှုတွေ ပိုပြင်းထန်လာခဲ့တယ်။ ၂၀၂၁ ဖေဖော်ဝါရီ ၁ရက်နေ့ စစ်အာဏာသိမ်းမှု၊ ဒီနောက်ထွက်ပေါ်လာတဲ့ လူထုလှုပ်ရှားမှုကြီးတွေ အပြီးမှာတော့ စက်ရုံအလုပ်ရုံပေါင်း ရာနဲ့ချီ ပိတ်သွားခဲ့တယ်။ ဗမာပြည်တဝှမ်း အလုပ်လက်မဲ့ဖြစ်သွားရသူ ၁.၅ သန်း ကျော်ရှိတယ်။

အလုပ်လက်မဲ့ အရံတပ် အင်အားဟာ အဆမတန် များပြားလာခဲ့တယ်။ ဒီလို အခြေအနေမှာ အလုပ်ကလေးတစ်ခုရနေသေးသူတွေအဖို့လည်း ပိုမိုဆိုးရွားလာတဲ့ အလုပ်ခွင်အတွင်း ဖိနှိပ်မှုတွေ၊ သွေးစုပ်မှုတွေကို ကြိတ်မှိတ်ခံနေကြရတယ်။ ကုန်ဈေးနှုန်းတွေခေါင်ခိုက်နေပေမယ့် အလုပ်သမားတွေရဲ့ လုပ်ခလစာကတော့ ဇနာရီ၄၈၀၀ကျပ်ကနေ တိုးမလာခဲ့ပါဘူး။

အရင်ကလည်း ၄၈၀၀ကျပ်၊ အခုလည်း၄၈၀၀ ကျပ်၊ အတူတူပါပဲလို့ ထင်ရပေမယ့် တကယ်တော့ မတူတော့ပါ။ အရင်က ၄၈၀၀ ကျပ်နဲ့ ဆန် ၃ပြည်ဝယ်လို့ရခဲ့ရင် ဒီကနေ့ ၄၈၀၀ ကျပ်နဲ့ဆန်၂ပြည်ဝယ်လို့မရတော့ဘူး။ စစ်အာဏာမသိမ်းခင်က ၄၈၀၀ကျပ်နဲ့ စားအုန်းဆီ၂ပိဿာဝယ်လို့ရခဲ့ပေမယ့် အခုချိန်မှာ စားအုန်းဆီ ၁ ပိဿာ တောင် ဝယ်လို့မရတော့ဘူး။ ဒီကနေ့ စားအုန်းဆီ၁ပိဿာကို မြန်မာကျပ်ငွေ ၉၀၀၀ ပေးဝယ်နေရပြီ။ ဒါ့ကြောင့် အလုပ်သမားတွေ အမှန်တကယ် ရရှိလိုက်တဲ့လုပ်အားခ တန်ဖိုးဟာ အရင်ကနဲ့စာရင် ထက်ဝက်မကလျော့နည်း သွားခဲ့ပြီ။ စစ်အာဏာသိမ်းပြီး တနှစ်ခွဲအတွင်းမှာပဲအခြေခံ စားသုံးကုန်ပစ္စည်း ဈေးနှုန်းတွေက မိုးထိအောင် ထောင်တက်သွားခဲ့ပြီ။

စစ်အာဏာမသိမ်းခင်အထိ အမေရိကန်တစ်ဒေါ်လာကို မြန်မာကျပ် ၁၃၀၀

ဝန်းကျင်ပဲ ရှိခဲ့တယ်။ အခုပြင်ပ ဒေါ်လာပေါက်ဈေးက ၂၃၅၀ ကျပ်ကျော်နေပြီ။ မြန်မာကျပ်ငွေရဲ့ တန်ဖိုးဟာ ခေါက်ချိုးကျဆင်းသွားတဲ့သဘော။ ရွှေဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင်လည်း ကျပ်ငွေတန်ဖိုးထက်ဝက်ကျသွားတာ တွေ့ရမယ်။

အလုပ်သမားတွေရဲ့ လုပ်ခလစာဟာ အန်အယ်(လ်)ဒီ လက်ထက်ကတည်းက တိုးပေးရမှာဖြစ်ပေမယ့် တိုးမပေးခဲ့ဘူး၊ စစ်အာဏာသိမ်းပြီး နောက်ပိုင်းမှာတော့တိုးမလာတဲ့အပြင် လုပ်အားခရငွေရဲ့အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်းဟာ အနည်းဆုံး ထက်ဝက်ကျဆင်းသွားခဲ့တယ်။ ဒါ့ကြောင့် အလုပ်သမားလူတန်းစားဟာ စားဝတ်နေရေး ကပ်ဘေးကို မချိမဆံ့ ရင်ဆိုင်နေကြရတယ်။

အလုပ်အကိုင်က ရှားပါး၊ အလုပ်လက်မဲ့က ထူပြော၊ အလုပ်လိုချင်သူကများ၊ လုပ်အားခက အဆမတန် နိမ့်ပါး၊ ရလာတဲ့ လုပ်အားခ ကျပ်ငွေကျ တန်ဖိုးမရှိ။ ဒီအခြေအနေအောက်မှာ ကြိတ်မှိတ်လုပ်နေရင်တောင် အလုပ်တည်မြဲမှုက မရေရာ။ အရင်းရှင်တွေက အလုပ်သမားတွေကို အမြဲတမ်း ဝန်ထမ်းအဖြစ် မခန့်တော့ဘဲ ဈေးပိုနှိမ်လို့ရအောင် နေ့စားအလုပ်သမားတွေအဖြစ်ပဲ ပြောင်းလဲခန့်ထားလာကြတယ်။ သုံးလပြည့်အောင် ကြိုးစားပမ်းစား လုပ်ပေးရင် အမြဲတမ်းဝန်ထမ်းခန့်မယ်လို့ မက်လုံးပေးတယ်၊ သုံးလပြည့်ရင်တော့ အကြောင်းမရှိအကြောင်းရှာ ဖြုတ်ပစ်လိုက်တယ်။ မကျေနပ်ရင် ထွက်သွား။ အလုပ်လိုချင်သူတွေ တပုံကြီး တန်းစီနေတယ်။ မဟုတ်ရင်တော့ နေ့စားအလုပ်သမားအဖြစ် ပြန်လုပ်ပေတော့။ ဒီလိုနည်းနဲ့ အပြင်းအထန် သွေးစုပ်အမြတ်ထုတ်နေကြတယ်။

အရင်းရှင် လူတန်းစား သုံးနေကျနည်းပရိယာယ်တမျိုး ဖြစ်ပါတယ်။ အလုပ်သမားတွေကို နေ့စား ဒါမှမဟုတ် လတို စာချုပ်တွေနဲ့ ခန့်လေ့ရှိတယ်၊ အမြဲတမ်း ဝန်ထမ်းအဖြစ် မခန့်ဘူး။ လုပ်သက်များလာတဲ့ အလုပ်သမားတွေကို လုပ်သက်ကြေး၊ ကျွမ်းကျင်ကြေးတွေ ပိုမပေးချင်တဲ့အခါ ထုတ်ပစ်ပြီး လူသစ်အနေနဲ့ ပြန်ငှားတဲ့

နည်း ပရိယာယ်ကို သုံးလာကြတယ်။

## တကျော့ပြန် ရှန်းထတိုက်ပွဲ

စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း မှာပဲ ရန်ကုန် စက်မှုဇုံ အလုပ်သမား တွေထောင်သောင်းချီ လမ်းပေါ်ထွက်ခဲ့ ရာက ဗမာတပြည်လုံး လမ်းမကြီးတွေ ပေါ် လူထုပင်လယ်ကြီး စီးဆင်းသွားခဲ့ တယ်။ ဒီလို အလွန်အင်အား ကြီးမားခဲ့ တဲ့လူထုလှုပ်ရှားမှုကြီးဟာ အာဏာသိမ်း စစ်တပ်ရဲ့ ရက်ရက်စက်စက် အကြမ်းဖက်မှုတွေ၊ လူသတ်ပွဲကြီး တွေကြောင့် ဧပြီလနောက်ပိုင်းကစ ပြီးဒီရေအကျကို ရောက်သွားခဲ့တယ်။

လေဘာ လှုပ်ရှားမှုလည်းယာယီ နောက်ပြန်ခေါက်သွားခဲ့တယ်။ကျေးလက် ဒေသတွေမှာ လက်နက်ကိုင်တိုက်ပွဲ ဖြစ်လာသလို မြို့ပြတွေမှာလည်း လက်နက်ကိုင် အဖွဲ့မျိုးစုံရဲ့ မြို့ပြ ပြောက်ကျား လှုပ်ရှားမှုဆိုတဲ့ အရာတွေ က လူထု တိုက်ပွဲနေရာကို အစားထိုး ဝင် ရောက်လာခဲ့တယ်။ စုစည်းထားသော အလုပ်သမား လူတန်းစားရဲ့ ဦးဆောင် အခန်းကဏ္ဍ ပျောက်ဆုံးနေခဲ့တယ်။

ကိုယ့်ဘာသာ အစိုးရလို့ကြွေးကြော်ထားတဲ့ လစ်ဘရယ်ဘူဇွာအန်ယူဂျီက ဒီအခြေအနေ ကိုကောင်းကောင်းကြီး အမြတ်ထုတ် သွားခဲ့တယ်။ “လက်နက်ကိုင်တိုက်ပွဲ ”မကြာခင် အောင်ပွဲရတော့မယ်လို့ ထင်ယောင်ထင်မှား ဖြစ်စေရင်း သာမန် ပြည်သူတွေကို လှည့်ဖျားထားခဲ့တယ်။

ကမ္ဘာ့ဘဏ်ကတော့ စစ်အာဏာသိမ်း မှု ဖြစ်ခဲ့တဲ့ ၂၀၂၁ ခုနှစ်အတွင်းမှာ ဗမာ ပြည်ရဲ့ စီးပွားရေးက ၁၈% အနှုတ်ပြ ခဲ့တယ်လို့ ခန့်မှန်းသုံးသပ်ထားတယ်။ ဒီ လို စီးပွားရေး ယိုယွင်းကျဆင်းမှုအပြင် ငွေကြေးအဆမတန် ဖောင်းပွမှု၊ ကြွေး မြီထူထပ်မှုနဲ့ အာဏာသိမ်း စစ်တပ် ရဲ့ ရက်ရက်စက်စက် အကြမ်းဖက် သတ်ဖြတ်မှုတွေကိုပါ ဗမာလူထု ကြီး ခံနေကြရတယ်။ အာဏာသိမ်း ပြီး ၁၆လအတွင်းမှာ လူနေအိမ်ခြေ ၁၈၈၈၆ လုံးကို စကစ စစ်တပ်က မီးရှို့ဖျက်စီးခဲ့တယ်လို့ Data For



return to contents

Myanmar အဖွဲ့က ဆိုထားတယ်။

ဒီလို ရက်စက်ယုတ်မာမှုတွေကိုမခံမရပ်နိုင်ဖြစ်လာတဲ့ လူငယ်အလွှာတစ်ခုဟာ “ကျေးလက်အခြေခံ၊မြို့ကိုဝိုင်း”ဆိုတဲ့ မော်ဝါဒ လက်နက်ကိုင်လမ်းစဉ်ကို တိမ်းညွတ်သဘောကျလာကြတယ်။ “နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်”ဆိုတဲ့ မော်ရဲ့ နာမည်ကျော် စကားဟာလည်း ဒီလူငယ်တွေကြားမှာ ရေပန်းစားလာခဲ့ တယ်။ တကယ့်လက်တွေ့မှာတော့ ဒီအယူအဆဟာ မြို့ပြ အလုပ်သမား လူတန်းစားရဲ့ ဦးဆောင်အခန်းကဏ္ဍကို ဘေးဖယ်ထုတ်လိုက်တာပဲ။ အလုပ်သမားလူတန်းစားကိုယ်တိုင် ဦးဆောင်ပါဝင်တဲ့ လူထုတိုက်ပွဲနေရာမှာလက်နက်ကိုင်အစုအဖွဲ့မျိုးစုံကသူတို့ကိုယ်သူတို့အစားထိုးဖို့ကြိုးစားလိုက်တာ ဖြစ်တယ်။



ဒီလို အနေအထားမှာ ဗမာပြည်ရဲ့မြို့ပြဗဟိုချက်ဖြစ်တဲ့ ရန်ကုန်စက်မှုဇုံ တစ်ခုက အမျိုးသမီးအလုပ်သမားတွေ အလိုအလျောက် ရှန်းထတိုက်ပွဲဝင်လာတာကို မြင်တွေ့ခဲ့ရခြင်း ဖြစ်တယ်။ ဒါ့ကြောင့် ဒီလှုပ်ရှားမှုဟာ အင်မတန် အရေးကြီးတယ်။ ခေါင်းဆောင်မှု မရှိ၊ သမဂ္ဂတောင် ဖွဲ့စည်းခွင့်မရှိပေမယ့် အလုပ်သမား လူတန်းစားကစက်မှုဇုံမျက်နှာစာကနေ တကျော့ပြန်ရှန်းထတိုက်ပွဲဝင်လာနိုင်စွမ်းရှိကြောင်း ဒီတိုက်ပွဲက မီးစိမ်းပြပေးနိုင်တယ်။

ဒီတိုက်ပွဲကို အခြေခံပြီး လေဘာ

လှုပ်ရှားမှု တကျော့ပြန် အသက်ဝင်လာအောင် ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ဖို့အရေးကြီးပါတယ်။ တချိန်တည်းမှာပဲအလုပ်သမား လူတန်းစားရဲ့ သီးခြားလွတ်လပ်သော လူတန်းစားတောင်းဆိုချက် လုပ်ငန်းစဉ်တစ်ခုကို ဖော်ထုတ်ပေးရမယ်။ ပကတိဘာဝ အခြေအနေတွေ ရင့်မှည့်ပြီး အလိုအလျောက် ပေါက်ကွဲထွက်လာတဲ့ သပိတ်တိုက်ပွဲကနေ ရေရှည်တိုက်ပွဲဝင်သွားနိုင်မယ့် အလုပ်သမားသမဂ္ဂတွေ၊ အဖွဲ့အစည်းတွေ ထွက်ပေါ်လာအောင် ဆက်လက်ရုန်းကန်ကြဖို့လည်း အရေးကြီးပါတယ်။ တခြားကဏ္ဍပေါင်းစုံက အလုပ်သမား လူတန်းစား တရပ်လုံး မင်္ဂလာဒုံ စက်မှုဇုံက အမျိုးသမီးအလုပ်သမားတွေလို တိုက်ပွဲဝင်လာအောင်၊ သမဂ္ဂတွေအဖြစ် စုဖွဲ့လာအောင် တပ်လှန့် နှိုးဆော်ပေးသင့်တယ်။

လစ်ဘရယ် ဘူဇွာ အန်ယူဂျီရဲ့အဘက်ဘက်က ချွတ်ခြုံကျမှု၊သစ္စာဖောက်မှုတွေကတော့ တနေ့တခြား အရေခွံ ကွာကျလာနေပါပြီ။အလုပ်သမားလူတန်းစားအနေနဲ့ လစ်ဘရယ်ဘူဇွာလူတန်းစား နောက်မြီးဆွဲလုပ်နေလို့ မရပါဘူး။ အလုပ်သမားလူတန်းစားကိုယ်တိုင်စုစည်းထားတဲ့လူထုပါတီကြီးတစ်ခုရှိဖို့





return to contents

လိုအပ်တယ်။

ဆဲဗင်း ဂျူလိုင်နေ့မှာပေါက်ကွဲထွက်လာတဲ့ ရဲရင့်လှသော အလုပ်သမားတိုက်ပွဲကို အခြေခံပြီး ကျနော်တို့မာ့(က်စ်)ဝါဒီတွေက ဒီအချက်တွေကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပေးရမယ် -

- ကျနော်တို့မာ့(က်စ်)ဝါဒီတွေဟာ တိုက်ပွဲဝင် အလုပ်သမားထုနဲ့ တသားတည်း ရပ်တည်တယ်
- အလုပ်ရရှိခွင့်၊ သင်းပင်းစုရုံးခွင့်နဲ့ သပိတ်မှောက်ခွင့်တို့ဟာ အလုပ်သမား လူတန်းစားရဲ့ အခြေခံ အခွင့်အရေးတွေ ဖြစ်တယ်
- ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှုတွေနဲ့အညီ လိုက်တိုးပေးရမယ့် လုပ်ခလစာစနစ် ဖော်ဆောင်ရေး၊ အနိမ့်ဆုံးအနေနဲ့ အလုပ်ချိန် ၆နာရီအတွက် အမေရိကန် ဒေါ်လာ ၁၀ထက်မလျော့စေရ
- တပတ်အလုပ်ချိန် ၃၆နာရီထက် မကျော်လွန်ရ
- အလုပ်ထုတ်ပစ်ပြီး ပြန်ငှားတဲ့ နည်းပရိယာယ်ကို အဆုံးသတ်ရေး
- အလုပ်သမား လူတန်းစား ပါတီကြီးတစ်ခု ထူထောင်ရေး
- စစ်အာဏာရှင်စနစ် ကျဆုံးရေး
- အလုပ်သမားထု ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်စနစ် ထူထောင်နိုင်ရေး အလုပ်သမားထုရဲ့ တော်လှန်ရေး တိုက်ပွဲဆီသို့



# Industrial Women workers are fighting back – revive the labour movement!



# Industrial Women workers are fighting back – revive the labour movement!



Yesterday in Myanmar, we saw a spontaneous outbreak of industrial workers' protest against wage cuts, worsening conditions in the workplace and the intensification of work at the A Dream of Kind (ADK) garment factory in Mingalardon township, Yangon. Around 2,000 women workers are demanding labour rights, guarantee of sick leave, casual leave, social welfare, and a wage increase.

Violations of labour rights and various forms of oppression are rampant in the factories. These workers are now being forced to work at least six days per week, from 7:00 AM to 7:00 PM, without an increase in pay. Moreover, they are often compelled to work overtime on Sundays.

For the bosses, even this is not enough. They demanded workers increase productivity from 45 garments per hour to 62 garments per hour – an intensification of labour that aims to extract more and more surplus value within the same amount of working hours. For workers, enough is enough! They have to fight back



return to contents

to win a decent existence.

## Repression

Twenty soldiers and police officers, under the authority of the ruling military junta, arrived in front of the factory at 11:00AM to terrorise the women workers. In fact, these industrial zones have been under martial law since the 2021 spring revolution.

One month after the coup on 1 February 2021, the regime made workers' organisations and trade unions illegal, ending workers' right to freely organise. Some labour activists had to flee when the military brutally cracked down on the mass movements.

Since then, Myanmar's labour movement has been thrown back and the capitalists have been emboldened to increase exploitation and oppression. In the aftermath of the coup and the mass movement, hundreds of industries and businesses closed down, leading to more than 1.5 million workers being kicked out of their jobs.

Under the mounting pressure of the massive reserve army of the unemployed, those lucky enough to have a job have had to tolerate various forms of workplace oppression and deep exploitation. The minimum wage is 4,800 Kyats (2.2 USD) per eight hours.

Workers' wages in real terms have halved as the prices of basic goods have skyrocketed in the one-and-a-half years since the coup.

The exchange rate of the Myanmar Kyat against USD was around 1,300 Kyats per USD im-



return to contents

mediately before the coup. It is now around 2,100 Kyats per USD.

The cost of living for workers has at least doubled, and at the same time their wages have stagnated and their real purchasing power is significantly reduced. Added to the devaluation of Myanmar's currency and price hikes is the employers' tactic of firing and rehiring workers on worse terms and conditions, which makes their lives unbearable.

## The receding class struggle and new fightback

Although the organised working class ignited the mass movements against the military junta in the early months of the last year, the class struggle has receded since April 2021, following massacres and brutal clampdowns by the military.

The labour movement was temporarily thrown back. Armed clashes in the rural areas and so-called urban guerrilla activities of various groups of militias substituted themselves for the mass struggle. The independent and lead-



ing role of the organised working class was not part of the equation.

The self-proclaimed National

Unity Government (NUG), the liberal bourgeois wing of the ousted NLD party, took advantage of this situation and deceived the ordinary people by sowing illusions in imminent victory of the "armed struggle".

The World Bank estimated that Myanmar's economic recession caused about an 18 percent shrinkage of the economy in 2021. This recession is compounded by hyperinflation, debt burdens and the brutal repression of the military counter-revolution – massacres and a scorched-earth policy against the anti-coup militias. In fact, these methods are not just applied against the militias, but indiscriminately against civilians as well.

The junta's armed forces set villages ablaze and burned down 18,886 houses within 16 months of the coup, according to Data For Myanmar group.

In this situation, most militant and radicalised youth are attracted to the Maoist idea of "encircling the cities from the periphery", i.e. organising guerilla struggle in the countryside as a precursor to seizing the urban centres.

Mao's famous quote, "political power grows out of the barrel of a gun," is once again popular among these radicalised youths. Unfortunately, in practice, this has meant they have sidelined the independent and leading role of the urban working-class movement. Various groups of militias have tried to substitute themselves in place of the mass struggle.

Against this backdrop, we saw


return to contents



the outbreak of the spontaneous protest of thousands of industrial women workers in Yangon, the urban centre of Myanmar. This movement is very significant, and could signal a potential reawakening of the working class on the industrial front, despite the absence of leadership and even trade unions.

Based on this experience, it is necessary to generalise this action and revive the labour movement, putting forward an independent programme of class demands. The leading organisers of the Yangon protest must strive to convert this spontaneous struggle from below into permanent union and workers' organisations, and call on other sections of the Burmese working class who are also in deep ferment, to follow suit.

The bankruptcy and betrayal of the liberal bourgeois NUG has been exposed day after day. This is why any intervention from those elements into this struggle must be fiercely resisted by the workers. The working class needs its own independent mass party instead of following the liberal bourgeoisie. Towards this heroic struggle, the Marxists must make clear:



return to contents

- We are in solidarity with the striking workers!
- The right to employment, right to organise, right to strike are fundamental rights of the working class!
- We demand a sliding scale of wages in accordance with the inflation rate and commodity prices: totalling at least 10 USD per 6 hours!
- Not more than 36 hours of work per week!
- End fire and rehire!
- Fight for a mass workers' party!
- Down with the military regime!
- For a revolutionary struggle by the workers to win workers' democracy and socialism!

တန်ပြန်တော်လှန်ရေးရဲ့ ရန်စအကြမ်းဖက်မှုကို

ခုခံတိုက်ပွဲဝင်ခဲ့တဲ့

# သီရိလင်္ကာက လူထုအုံကြွမှု

(ကိုဂျက် (က်)ဘာသာပြန်သည် )



# Sri Lanka: counter-revolution provokes a social explosion

Ben Curry



# “တန်ပြန်တော်လှန်ရေးရဲ့ ရန်စအကြမ်းဖက်မှုကိုခုခံတိုက်ပွဲဝင်ခဲ့တဲ့ သီရိလင်္ကာက လူထု အုံကြွမှု”

မေလ ၉ ရက်၊ တနင်္လာနေ့မှာ စိတ်လှုပ်ရှားဖွယ် ဧရာမ ဖြစ်ရပ်ကြီးတွေက သီရိလင်္ကာကို ကိုင်လှုပ်ပစ်ခဲ့တယ်။ လပေါင်းများစွာ စီးပွားရေး ကမောက်ကမ ဖြစ်ခဲ့ပြီး လမ်းမထက် လူထု လှုပ်ရှားမှုတွေ ရက်သတ္တများစွာ ကြာလာခဲ့ပြီ ဖြစ်တဲ့ သီရိလင်္ကာမှာ အသစ်တက်လာတဲ့ ဝန်ကြီးချုပ် မဟင်ဒါရာဂျပက်ဆာက ငြိမ်ဝပ်ပိပြားရေး၊ သူ့ရာထူး တည်မြဲရေးအတွက် အကြမ်းဖက်မှုတွေ မိုက်မိုက်ကန်းကန်း လုပ်ခဲ့တယ်။ ရက်ရက်စက်စက် အကြမ်းဖက်ဖြိုခွဲလိုက်ပေမယ့် လူထုက သူမျှော်လင့်ထားသလို ငြိမ်ဝပ်မသွားတဲ့အပြင် အားမာန်အပြည့်နဲ့ပြန်လည်ခုခံခဲ့ကြတယ်။ အဲဒီနေ့ညမှာပဲ ဝန်ကြီးချုပ် မဟင်ဒါတယောက် ရေတပ်



return to contents

အခြေစိုက်စခန်းမှာ ပုန်းအောင်းနေခဲ့ရသလို တခြားသော ဒါဇင်နဲ့ချီတဲ့ အမတ်နေအိမ်တွေလည်း မီးတင်ရှို့ခံလိုက်ရတယ်။ အမတ်တယောက်နဲ့ ရဲအရာရှိ နှစ်ယောက် သေခဲ့တယ်။ ဆေးရုံတွေမှာ ဒဏ်ရာရလူနာတွေနဲ့ ပြည့်သွားခဲ့တယ်။ ဒီဖြစ်ရပ် 'မတိုင်ခင်နဲ့ ပြီးနောက်'ဆိုပြီး ပိုင်းခြားပြောရလောက်အောင်အရေးကြီးတဲ့ တိုက်ပွဲ အချိုးအကွေ့တခု ဖြစ်ပါတယ်။ ရယ်ဒီကယ်မဆန်တဲ့အလယ်အလတ်အလွှာတွေအဖို့ မေ ၉ ဖြစ်ရပ်ဟာ တုန်လှုပ်စရာ ဖြစ်သွားပြီးနောက်မှာ ကျန်နေခဲ့ကြတယ်။ တချိန်တည်းမှာပဲ ကိုယ့်ဘာသာ 'ခေါင်းဆောင်'ခန့်ထားကြသူတချို့က အလျှော့ပေးစေ့စပ်ဖို့ မျက်စပစ်လာကြတယ်။ ရှေ့တန်းအရောက်ဆုံး လူငယ်အလွှာကတော့ အဲဒီနေ့က ဖြစ်ရပ်တွေကို ဆင်ခြင်သုံးသပ် သင်ခန်းစာထုတ်မယူဘဲ နေလို့မရတော့ဘူး။

## *ပလ္လင်ပေါ်က မဆင်းချင်သူ မဟင်ဒါရဲ့ မိုက်မဲမှု*

သီရိလင်္ကာမှာ လူထုလုပ်ရှားမှုကြီး ဖြစ်နေတာ တစ်လခွဲကျော်သွားခဲ့ပြီ။ ဒီလူထု အရေးတော်ပုံကြီး ဖြစ်လာတဲ့ အခါ ရာဂျပက်ဆာ ညီအစ်ကိုတွေ (သမ္မတ ဂိုတာဘယာရာဂျပက်ဆာ နဲ့ ဝန်ကြီးချုပ် မဟင်ဒါရာဂျပက်ဆာ ) အဖို့ သူတို့နိုင်ငံရေး ဘဝ မပျက်မစီးဘဲ နဂိုအတိုင်း ထွက်ခွာသွားလို့မရမှန်းသူတို့ကိုယ်တိုင် ရှင်းရှင်းလင်းလင်း မြင်လာကြတယ်။ ကိုယ့်နေရာ တည်မြဲရေး တခြားသူကို ချနင်းဖို့ အပြန်အလှန် ကြိုးစားလာကြတယ်။

ဒါ့ကြောင့် သောကြာနေ့မှာ ဂိုတာကမဟင်ဒါကို ရာထူးကနေ ဆင်းပေးဖို့တောင်းဆိုလိုက်တယ်။ မဟင်ဒါက ငြိမ်ငြိမ်လေး ဆင်းမပေးနိုင်ဘူး။ လမ်းပေါ်မှာတစ်လကျော်ကြာလာတဲ့နောက်တော့ဒီလှုပ်ရှားမှုလည်း စွမ်းအင်ကုန်ခမ်းပြီးခြေကုန်လက်ပန်းကျလာတော့မှာပဲလို့မဟင်ဒါ တွက်ထားခဲ့တယ်။ ဒါ့ကြောင့်ကြေးစား လူမိုက်တွေထုတ်သုံးပြီး ရိုက်နှက်ဖြိုခွဲဖို့ အချိန်ကောင်းပဲလို့ မဟင်ဒါဆုံးဖြတ်လိုက်တယ်။ လမ်းပေါ်ကလူထု လှုပ်ရှားမှုကိုသာ အကြမ်းဖက်

ဖြိုခွဲပစ်လိုက်နိုင်ရင် သူဆင်းပေးစရာ မလိုတော့ဘူးလို့ တွက်ထားတယ်။ ဒီဂန်းစတား အုပ်စိုးသူတွေရဲ့ စိတ္တဇဗေဒကို ထိုးဖောက်မြင်လိုက်ရစေတဲ့ ဖြစ်ရပ်ပဲ။ မေလ ၉ ရက်နေ့ တနင်္လာနေ့မှာ မဟင်ဒါက သူ့အစီအစဉ်ကို လက်တွေ့




အကောင်အထည်ဖော်လိုက်တယ်။ ဒါပေမယ့် မာ့(က်စ်)ရှင်းပြခဲ့ဖူးသလိုပဲ "တခါတလေမှာ တော်လှန်ရေး ရှေ့ဆက်ချီတက်သွားဖို့ တန်ပြန် တော်လှန်ရေး ကြာပွတ်နဲ့ခတ်ပေးလိုက်ဖို့ လိုအပ်တယ်"။ မဟင်ဒါရဲ့ တန်ပြန်အကြမ်းဖက်မှုဟာ သူ့ထက်ပိုအားကြီးတဲ့ လူထုရဲ့ ဆန့်ကျင်

အကြမ်းဖက်မှုကို ခံလိုက်ရတယ်။

## *တန်ပြန်တော်လှန်ရေးရဲ့ အကြမ်းဖက်မှု*

မဟင်ဒါဟာ ၂၀၀၅-၂၀၁၅ နှစ်တွေမှာ သမ္မတလုပ်ခဲ့တယ်၊ ဒီတော့ သူ့မှာ ပါဝါကြီးမားတဲ့ အဆက်အသွယ်တွေ ရှိခဲ့တယ်။ အဲဒီလို နိုင်ငံတော်ယန္တယားနဲ့ အချိတ်အဆက်တွေ၊ သူ့သစ္စာခံ ရာဇဝတ်သားလူမိုက်တွေကိုသုံးပြီး မေ ၉ ရက်နေ့မှာ လူထု လှုပ်ရှားမှုကို အကြမ်းဖက်ဖြိုခွဲဖို့ ကြိုးစားခဲ့ခြင်း ဖြစ်တယ်။

အဲဒီနေ့မနက်မှာ လန်ပန်ဂိုဏ်းသားတွေကို ဘတ်(စ်)တွေနဲ့တင်ခေါ်လာပြီး ဝန်ချုပ် မဟင်ဒါနဲ့ သူ့သား နမဲ(လ်) ကိုယ်တိုင် ဦးဆောင်တဲ့ အစိုးရထောက်ခံသူ လူစုလူဝေးတခုကို ကိုလမ်ဘို မြို့တော်က ဝန်ကြီးချုပ် ရုံးရှေ့မှာ ကျင်းပခဲ့တယ်။ ကြေးစားဆန္ဒပြသမားတွေကို အရက်တိုက်ပြီး အဓိကရုဏ်းဖြစ်အောင် ကြိမ်တို့ပေးလိုက်တယ်။

အဲဒီနောက် "မဟင်ဒါကို ကျုပ်တို့လိုအပ်ပါတယ်"လို့ အော်ဟစ်ခိုင်းပြီး သူတို့စုရပ် ဝန်ချုပ်ရုံးရှေ့ကနေ အစိုးရဆန့်ကျင်ရေး သပိတ်စခန်းတွေရှိရာဆီ မောင်းပို့လွှတ်လိုက်တယ်။ အဲဒီရုံးတဖက်မှာ "မဟင်ဒါ ချက်ချင်းဆင်း" လို့ ကြွေးကြော်ဆန္ဒပြနေကြသူတွေဆီ ကြေးစားလူမိုက်တွေကိုပို့တယ်၊ဒီနောက် မီတာ ရာကျော်လောက်မှာရှိတဲ့ 'ဂိုတာ ချက်ချင်းဆင်း'ဆိုပြီး ကြွေးကြော်ဆန္ဒပြနေသူတွေဆီ ကြေးစားလူအုပ်ကို မောင်းပို့တယ်။

ဒါဟာ သေချာအကွက်ချပြီး ချိန်သားကိုက် ထိုးနှက်မှုတခု ဖြစ်တယ်။

ရာနဲ့ချီတဲ့ ကြေးစားလူမိုက်တွေ ဘတ်(စ်) အပြည့်တင်ခေါ်ခဲ့တယ်။ အများစုက အစိုးရ လက်ကိုင်ဒုတ်တွေ။ အဓိကရုဏ်းဖန်တီးဖို့ရာ အကျဉ်းထောင်တွေကနေ ခေါ်ထုတ်လာတဲ့ အကျဉ်းသားတွေလည်း ပါသေးတယ်။ ဒါတင်မကသေး၊ အစိုးရထောက်ခံရေး လူအုပ်ကို မနှောင့်ယှက်ဖို့ ရဲတပ်ကိုလည်း အမိန့်ပေးထားပြီးသား။ ဒီလိုအကွက်ချ စီစဉ်ထားပြီး အကြမ်းဖက်မှုတွေ တရစပ် ကျူးလွန်တော့တယ်။ အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူတွေကို ဒုတ်တွေနဲ့ ရိုက်နှက်နေတဲ့ ဗီဒီယိုဖိုင်တွေ ပြန့်နှံ့သွားခဲ့တယ်။ မွတ်စလင် အမျိုးသမီးတယောက်ရဲ့ ခေါင်းအုပ် ပုဝါကို ကြေးစားလူမိုက်တွေက ဆွဲချွတ်ပြီး မြေပေါ်လဲကျသွားတဲ့အထိ ရိုက်နှက်နေတဲ့ ဗီဒီယိုဖိုင်လည်း တွေ့ရတယ်။ သပိတ်စခန်းဖွင့်ထားတဲ့ ယာယီတဲတွေကို ဖျက်စီး မီးရှို့ခဲ့တယ် ။ သီရိလင်္ကာကျွန်း ဗဟိုချက်မှာရှိတဲ့ ကန်ဒီမြို့က 'ဂိုတာ ချက်ချင်းဆင်း' သပိတ်စခန်းကို ဖျက်စီးခဲ့တဲ့ မြင်ကွင်းအတိုင်းပဲ။

## လူထုက ပြန်တိုက်ခဲ့တယ်

တန်ပြန် တော်လှန်ရေး အကြမ်းဖက်မှုက လူထုရဲ့ ဒေါသယမ်း အိုးပေါ် မီးပွားသွားချပေးလိုက်တာပဲ။ မီးဖိုချောင်သုံး ဂတ်(စ်) ပြတ်တောက်နေလို့ လမ်းတွေပိတ်ပြီး ဆန္ဒပြနေကြတဲ့ လူထုဟာ ကြေးစားလူမိုက်တွေရဲ့ အကြမ်းဖက်ဖြိုခွဲမှု သတင်းကြားကြားပြီး အရေးတော်ပုံကို ခုခံကာကွယ်ဖို့ ချီတက်လာခဲ့ကြတယ်။ အလုပ်သမား သမဂ္ဂတွေ၊ ကျောင်းသားသမဂ္ဂတွေက သူတို့အဖွဲ့ဝင်တွေကို ကြေးစားလူမိုက်တွေ ရမ်းကားအကြမ်းဖက်နေတဲ့ နေရာတွေဆီ ဆင်းလာကြဖို့ တပ်လှန့်လိုက်တယ်။ လူထုက အပြင်းအထန် ပြန်တိုက်ခဲ့ကြတယ်။ Galle Face Green ပန်းခြံကြီးကို လူထုက လျှပ်တပြတ်အတွင်း ပြန်သိမ်းနိုင်ခဲ့တယ်။




ချင်းဆင်းချလာခဲ့ကြတယ်။ အလုပ်သမားတွေက သူတို့အလုပ်ခွင်တွေကို ကျောခိုင်း အစိုးရမွေး ကြေးစား လူမိုက်တွေ Beira ရေကန်ထဲ ခုန်ချထွက်ပြေး



return to contents

ကြရတယ်။ ညရောက်မှ အစိုးရရဲ တွေလာပြီး အဲဒီကြေးစားလူမိုက်တွေကို ပြန်ဆယ်ထုတ်ရတယ်။ အကျဉ်းသားတွေနဲ့ အာဏာရပါတီ SLPP (Sri Lanka Podujana Peramuna) ရဲ့ ကြေးစားလူမိုက်တွေကို သယ်လာပေးတဲ့ ဘတ်(စ်)တွေကို မီးတင်ရှို့ပစ်လိုက်ကြတယ်။ ကိုလမ်ဘိုမြို့တော် အပြင်ဘက်မှာဆိုရင် လူထုရဲ့ ဒေါသက ဒီထက်ပိုပြင်းသေးတယ်။ လူထုရဲ့ အမျက်ဒေါသဟာ သူခိုးဓားပြ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေနဲ့ အမတ်တွေဆီ တည့်တည့်ကျသွားခဲ့တယ်။ တနိုင်ငံလုံးလွှမ်းခြုံတဲ့ ကာဖျူးအမိန့်ထုတ်ထားပေမယ့် လူထုက လုံးဝနောက်တွန့်မသွားခဲ့ဘူး။ ရဲတွေဖက်ကတော့ လူထုရဲ့ တန်ပြန်ခုခံမှုကို ထိထိရောက်ရောက် ဝင်မတားရဲခဲ့ဘူး။ အာဏာရပါတီ SLPP ကတော့ သူစိုက်ခဲ့တာ သူပြန်ရိတ်သိမ်းလိုက်ရတယ်။ ပါတီရုံးတွေ တစစီ ဝင်ဖျက်ခံလိုက်ရတယ်။ အာဏာရပါတီရဲ့ သင်္ကေတမှန်သမျှ ဖျက်စီးခံခဲ့ရတယ်။ ရာဂျပက်ဆာ ရုပ်တု အဖြိုခံရတယ်။ ဝန်ကြီးတပါးရဲ့ ဂျစ်ကားတစီး ရေကန်ထဲ ပစ်ချခံရတယ်။ အမတ်တယောက်ရဲ့ လမ်ဘိုဂီနီကားတစီး မီးတင်ရှို့ခံရတယ်။

နေရာတိုင်းမှာ အာဏာရပါတီက အမတ်တွေ၊ အစိုးရ ဝန်ကြီးတွေရဲ့ နေအိမ်တွေကို ဆန္ဒပြလူထုက ဝိုင်းထားခဲ့တယ်။ ညနေဘက်ရောက်တော့ အဲဒီအာဏာပိုင်တွေရဲ့ နေအိမ် အလုံး ၂၀-၂၃ လောက်မီးတင်ရှို့ခံလိုက်ရပြီ။ အဲဒီ အထဲမှာ ရာဂျပက်ဆာ မိသားစုရဲ့ ရှေးဟောင်းအိမ်ကြီးလည်း ပါသွားခဲ့တယ်။ ဝရုန်းသုန်းကား ဖြစ်နေတဲ့အချိန်မှာ ဒလံတွေက ဝင်သွေးထိုးပြီး အခုလို အကြမ်းဖက်နေတာဆိုတဲ့ ကောလဟာလတွေ ပြန့်သွားခဲ့တယ်။ ဒါဖြစ်နိုင်လားဆိုရင် ဒီဖြစ်ရပ်တွေ ဖြစ်သွားပုံအရ မဖြစ်နိုင်ဘူးဆိုတာ တွေ့ရမယ်။ ပထမတစ်ချက်က အစိုးရက သူ့သူလျှိုဒလံတွေကို အဲသလောက် အတိုင်းအတာအထိ ပျက်စီးဆုံးရှုံးအောင် လုပ်ခိုင်းပါ့ မလားဆိုတာ သံသယဖြစ်စရာပဲ။ ဒုတိယတစ်ချက်က ဒလံတွေထည့်ပြီး ဒါမျိုး သွေးထိုး ခိုင်းတာဆိုရင်



return to contents

အခုလောက်ထိ လုပ်စရာမလိုဘဲ စစ်တပ်က ဝင်အာဏာသိမ်းဖို့ ရမယ်ရှာ ကောင်းရုံလောက် လုပ်လိမ့်မယ်။ ဒါပေမယ့် ရဲတွေကိုယ်တိုင် ဘေးကရပ် ကြည့်နေရတဲ့ အနေအထားကိုကြည့် ရင်အုပ်စိုးသူ လူတန်းစားဟာ နိုင်ငံတော် ရဲ့ လက်နက်ကိုင် အင်အားစုတွေကို စိတ်ချလက်ချ အားကိုးလို့မရဘူးဆိုတာ ပြနေတယ် - အနည်းဆုံးတော့ ဒီအချိန် မှာပေါ့လေ။ မဟာင်ဒါ ဖန်တီးတဲ့ ဆူပူ မှုမှာ ပူးပေါင်းပါဝင်ခဲ့တဲ့ အကြီးတန်းရဲ အရာရှိတယောက်ဆိုရင် နောက်တရက် အင်္ဂါနေ့ကျ ဒေါသပုန်ထနေတဲ့ လူထု ကြီး ဝိုင်းရိုက်တာ ခံလိုက်ရတယ်။ သူ့ လက်အောက်က အရာရှိတွေလည်း သူ တို့ဆရာသမားကို ဝင်မကူနိုင်ခဲ့ပါဘူး။ ဒီလိုအချိန်မျိုးမှာ စစ်တပ်ဝင်ပါလာရင်ဒါ မှမဟုတ် စစ်အာဏာသိမ်းတာမျိုး လုပ် လိုက်ရင် အလွန်အန္တရာယ်များတဲ့ ရွှေ့ ကွက်ပဲ။ အဲလိုလုပ်လိုက်ရင် ဒီထက်ပို များတဲ့ လူထုကြီးထွက်လာပြီး အစိုးရ အဖို့ ဓာတ်သိမ်းမလှ ဖြစ်သွားနိုင်တယ် ၊ စစ်တပ်အတွင်းမှာလည်း လူတန်းစား အလိုက် ကွဲထွက်သွားနိုင်တယ်။

## မဟာင်ဒါ ပြေးရပြီ

လူထုရဲ့ အမျက်ဒေါသ ဘယ့် လောက်ကြီးမားသလဲ အထင်အရှား မြင်လိုက်ရတဲ့အခါ ဝန်ချုပ် မဟာင်ဒါ တယောက် ရာထူးကနေ မဖြစ်မနေ နှုတ်ထွက်သွားရတယ်၊ ရိုးရိုးနှုတ်ထွက် ရတာ မဟုတ်၊ အသက်ဘေးကနေ လွတ်အောင် ဖနောင့်နဲ့တင်ပါး တသား တည်းကျတဲ့အထိ ထွက်ပြေးသွားရတာ။ မဟာင်ဒါ ပြေးရတဲ့နောက် တခြား အစိုးရ ဝန်ကြီးတွေလည်း နှုတ်ထွက်သွားကြ တယ်။ ဒါပေမယ့် လူထုကြီးက သူတို့ တတွေကို လွယ်လွယ်နဲ့ ခေါင်းရှောင် ထွက်ပြေးခွင့် မပေးပါဘူး။ အစိုးရဝန်ကြီး တွေ၊ အမတ်တွေ နိုင်ငံခြား ထွက်ပြေး လို့ မရအောင် ဟိုင်းဝေးလမ်းတွေနဲ့ လေဆိပ်အပြင်ဘက်တွေမှာ လမ်းတွေ ကို ပိတ်ချလိုက်ကြတယ်။ လာသမျှ ရဲ့ ကားတိုင်းကို လူထုက တားပြီး စစ်ဆေး တယ်။ အာဏာရပါတီက အမတ်တ ယောက်ရဲ့ ကားကို ကိုလမ်ဘိုနဲ့ ကန်ဒီ မြို့ကြား ဟိုင်းဝေးလမ်းမပေါ်မှာ လူထု

က ပိတ်ဖမ်းတော့ သူက ဆန္ဒပြလူထု ကို သေနတ်နဲ့ပစ်တယ်၊တယောက် သေပြီး တခြားသူတွေ ဒဏ်ရာရသွားခဲ့ တယ်။ ဒီနောက် အဲဒီအမတ်လည်း နီး ရာ အဆောက်အဦတခုဆီ ပြေးသွားပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်။

ဝန်ချုပ် မဟာင်ဒါတယောက် စစ် အင်အားထုထပ်တဲ့ ထရင်ကို ရေတပ် စခန်းမှာပုန်းခိုနေမှန်း သိသွားတဲ့အခါ ဝင်ပေါက်အားလုံးကို များပြားလှတဲ့လူထု ကြီးကပိုင်းထားကြတယ်။ တော်တော် များများက လှေတွေနဲ့ ရေ တပ်စခန်း ကိုကင်းပတ်တာမျိုးတောင် လုပ်ခဲ့ကြ တယ်၊ ပုဂ္ဂလိက ရွက်လှေတစီးစီးနဲ့ ဝန်ချုပ်ကို ကျွန်းကနေ ခေါ် ထုတ်မသွား နိုင်အောင် လှေတွေနဲ့ ကင်းပတ်ကြခြင်း ဖြစ်တယ်။ ဒီလှုပ်ရှားမှုကြီးဟာ နိုင်ငံ တဝှမ်း အသက်ရှူမှားလောက်အောင် သူပုန်ထ ပုန်ကန်ခြင်း လက္ခဏာတွေရှိခဲ့ တယ်။ ဒီလို အောက်ခြေက လူထုကြီးရဲ့ ဖိအားကြီးမား လာတဲ့အခါ အလုပ်သမား သမဂ္ဂ ၂၀၀၀ က ခေါင်းဆောင်တွေလည်း ငြိမ်နေလို့ မရတော့ဘူး၊ ရွက်စုံတက်စုံ ဖွင့်ပြီး အထွေထွေသပိတ်ကြီး မှောက် ကြလို့ တိုက်ပွဲခေါ်သံပေးရတော့တယ်။ ဒါပေမယ့် အထွေထွေ သပိတ် တိုက်ပွဲ ခေါ်သံဟာ ကြာကြာမခံလိုက်ဘူး။ လူထု လှုပ်ရှားမှုကနေ ပေါက်ကွဲထွက် လာတဲ့ ဒေါသတွေဟာ အလယ်အလတ် အစိတ်အပိုင်းတွေကို တုန်လှုပ်သွားစေ တယ်၊ အလယ်အလယ် အစိတ်အပိုင်း တွေက ဒူးတုန်တုန်နဲ့ အရေးတော်ပုံ ကို နောက်ပြန်ဆွဲထားကြတယ်။ အဲဒီအထဲမှာ အလုပ်သမား သမဂ္ဂ ခေါင်းဆောင်တွေလည်း ပါတာပေါ့။

## ခုခံကာကွယ်ခြင်း

တနလ်ာနေ့က ရောမ ဖြစ်ရပ် ကြီးတွေဟာ လှုပ်ရှားမှုတစုံလုံးကို အခြေခံကျကျ ပြောင်းလဲသွားစေ တဲ့အချိုးအကွေ့ တခုဖြစ်တယ်။ ဒီလှုပ်ရှားမှု စဖြစ်ကတည်းက အကြမ်းမ ဖက်ရေးကိုပဲ တင်းတင်းကြပ်ကြပ် ကိုင်စွဲ ထားဖို့ ထပ်တလဲလဲ ပြောလာခဲ့ကြတယ် ။ ပြည်သူအများစုကတော့ ရာဂျပက် ဆာမိသားစုကို ငြိမ်းငြိမ်းချမ်းချမ်းနည်း နဲ့ဖြုတ်ချနိုင်လိမ့်မယ်လို့ ရိုးရိုးသားသား


return to contents

မျှော်လင့်ထားခဲ့ကြတယ်။ တနလ်ာနေ့က ဖြစ်ရပ်တွေ ကြုံလိုက်ရတဲ့နောက်တော့ အလုပ်သမား၊ လယ်သမားတွေနဲ့ လူငယ်တွေက ဒီနည်းနဲ့ အလုပ်မဖြစ်နိုင်မှန်း ရှင်းရှင်းလင်းလင်း မြင်သွားကြပြီ။

သို့သော်လည်း လူလတ်တန်းစား အလွှာတချို့ကတော့ လူထုကြီးရဲ့ ဒေါသပုန်ထ ပုန်ကန်မှုကို ခြောက်ခြားသွေးပျက်ပြီး လူမှုကွန်ယက်တွေပေါ်ကနေ လူထုကြီးကို ငြိမ်းငြိမ်းချမ်းချမ်းနည်းတွေပဲ ပြန်သွားကြဖို့ နားချနေကြတယ်။

ချမ်း ဆန္ဒပြနေတဲ့ လူထုကို မဟင်ဒါက ကြေးစားလူမိုက်တွေနဲ့ ရိုက်နှက် အကြမ်းဖက်လာတာတောင် လူထုကြီးက အံ့လိုက်ကျင်းလိုက် ထွက်လာပြီး ပြန်မတိုက်ဘူးဆိုရင် တန်ပြန်တော်လှန်ရေးရဲ့ အကြမ်းဖက်မှုက ဒီထက် အဆပေါင်းများစွာ ပိုဆိုးသွားမယ်။ လူထုကြီးရဲ့ မိမိကိုယ်ကိုယ် ခုခံကာကွယ်ဖို့ 'အကြမ်းဖက်ခြင်း'အစား တန်ပြန်တော်လှန်ရေး အင်အားစုရဲ့ လူသတ်ပွဲကြီးတွေပဲ ဆက်ဖြစ်လိမ့်မယ်။ လူထုဘက်က ငုံ့ခံနေလို့ အားနည်းမှန်း သိသွားရင် တန်ပြန်တော်လှန်ရေးဘက်က



စဉ်းစားကြည့်ပါ၊ ငြိမ်းငြိမ်းချမ်း

အလုံးအရင်းနဲ့ ဖိနှိပ်မှုတွေ တရစပ် လုပ်

လာမယ်၊ လူတွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ ကျူးလွန်လာမယ်။

လူထုဘက်က ထုနဲ့ထည်နဲ့ထွက်လာပြီး အကြမ်းဖက်ခုခံခဲ့လို့သာ ဒီလို သွေးချောင်းစီး လူသတ်ပွဲတွေကို တားဆီးနိုင်ခဲ့တာ။ သမိုင်းမှာ အမြဲဖြစ်ခဲ့သလိုပါပဲ တန်ပြန် တော်လှန်ရေးဘက်ကပဲ အကြမ်းဖက်မှုကို စတင်ကျူးလွန်ခဲ့ခြင်း ဖြစ်တယ်။ လူထုဘက်က တုံ့ပြန်မှုဟာ ခုခံကာကွယ်ခြင်း လုပ်ရပ်တွေပဲ ဖြစ်တယ်။ ဒီလိုမျိုး ခုခံကာကွယ်မှုဟာ (အကြမ်းနည်းတွေ သုံးလည်း) တရားမျှတရုံမက မဖြစ်မနေ လိုကိုလိုအပ်တယ်။ လူထုဘက်မှာ ချို့တဲ့နေတာကတော့ ဖွဲ့စည်းမှုနဲ့ ရှင်းလင်းပြတ်သားသော လုပ်ငန်းစဉ်ပဲ။ ဒီနှစ်ခု လစ်ဟာနေလို့ တနလ်ာနေ့ ဖြစ်ရပ်တွေမှာ ကသောင်းကနင်း လက္ခဏာဆောင်နေခြင်း ဖြစ်တယ်။ လူထုဘက်က 'အကြမ်းဖက်'တာကို ကျနော်တို့ဘယ်နည်းနဲ့မှ အပြစ်မတင်နိုင်ဘူး။ တန်ပြန် တော်လှန်ရေးက အကြမ်းဖက်လာရင် ခုခံကာကွယ်ရေးက မရှိမဖြစ် လိုအပ်လာတယ်။ နှာခေါင်းကျည်ပွေ့တွေ့သွားတဲ့ အစိုးရအဖို့ နောင်ဒါမျိုး မိုက်မိုက်မဲမဲ အကြမ်းဖက်မှုတွေ လုပ်မယ်ကြံတိုင်း နှစ်ခါပြန် စဉ်းစားရတော့မယ်။

## ခေါင်းဆောင်မှုနဲ့ လုပ်ငန်းစဉ်

ဒီအရေးတော်ပုံကြီးမှာ ရှင်းလင်းခိုင်မာတဲ့ ဖွဲ့စည်းမှုကို လိုအပ်နေတယ်-တိုက်ပွဲဦးဆောင် ကော်မတီတွေ၊အလုပ်ခွင်တိုင်း ရပ်ကွက်တိုင်းမှာ လုပ်သားထုကြားကနေ ထူထောင်လိုက်တဲ့ ခုခံကာကွယ်ရေး ကော်မတီတွေ ဖွဲ့စည်းပြီး ဒေသအလိုက် ချိတ်ဆက်မှုကနေ တနိုင်ငံလုံးအတိုင်းအတာနဲ့ချိတ်ဆက်သွားဖို့ လိုအပ်နေတယ်။ ဒါ့အပြင် (ဒီလိုမျိုး ရှင်းလင်းခိုင်မာတဲ့ ဖွဲ့စည်းမှု တည်ဆောက်နိုင်ဖို့) ဒီအရေးတော်ပုံကြီးမှာ ရှင်းလင်းခိုင်မာတဲ့ ခေါင်းဆောင်မှုနဲ့ တိကျပြတ်သားတဲ့လုပ်ငန်းစဉ်ရှိဖို့ လိုအပ်တယ်။အခု လစ်ဟာနေတာလည်း အဲဒါပါပဲ။ ဒီကနေ့အထိတော့ လူထု အရေးတော်ပုံကနိုင်ငံရေး ပါတီအားလုံးကို ငြင်းပယ်ထားတယ်။ လူထုက ဒီပါတီတွေ



return to contents

ကို ရှံ့ရှာစက်ဆုပ်ပြီး ပစ်ပယ်ထားတာ နားလည်နိုင်ပါတယ်။ ဒါပေမယ့် သဘာဝက လေဟာနယ်ကို လက်မခံဘူး။ တနည်းနည်းနဲ့တော့ ခေါင်းဆောင်မှုက ထွက်ပေါ်လာမှာပဲ ။ တကယ်တော့ ခေါင်းဆောင်မှုတမျိုးက ပေါ်ထွက်လာပြီးသား ဖြစ်နေပြီ။ အလုပ်သမား သမဂ္ဂ ခေါင်းဆောင်တွေက လုပ်သားထုကြီးကို တပ်လှန့်စည်းရုံးဖို့ ပျက်ကွက်ခဲ့တော့ ဒီအရေးတော်ပုံရဲ့ ခေါင်းဆောင်မှုနေရာကို မယူနိုင်တော့ဘူး။ သူတို့နေရာကို လူလတ်တန်းစား အလွှာတွေက ဝင်ယူထားတယ်။ လှုပ်ရှားမှုကြီးကို ဩဇာလွှမ်းထားတယ်။ ဒါပေမယ့်ကိုယ့်ဘာသာခေါင်းဆောင်တက်လုပ်နေကြတဲ့ အဲဒီလူလတ်တန်းစား ခေါင်းဆောင်ကြီးတွေဟာ ဒီအရေးတော်ပုံကြီးရဲ့ နိုင်ငံရေး (သို့) စီးပွားရေး လုပ်ငန်းစဉ်အကြောင်း ဆွေးနွေးတိုင်ပင်မှုတွေ မလုပ်နိုင်အောင် တားဆီးပိတ်ပင်ထားကြတယ်။ အရေးတော်ပုံကို အစောပိုင်းကာလ'အလိုအလျောက်' ပေါက်ကွဲထွက်လာတဲ့ ပုံစံ မျိုးမှာပဲ ဆက်ထိန်းထားဖို့ ကြိုးစားလာကြတယ်။ တော်လှန်ရေးရဲ့အခြေခံ ပြဿနာတွေကို လူထုကြား ရှင်းရှင်းလင်းလင်း မဖြစ်အောင် လုပ်ထားတယ်။ ရလဒ်ကတော့ အခြေခံအကျဆုံး ပြဿနာတွေမှာ လူထုကြား ရှုပ်ထွေးမှုတွေ ဖြစ်ကုန်တယ်။ (ဗမာပြည် ၂၁ နွေဦး တော်လှန်ရေး အရှိန်တက်နေဆဲ ဖေဖော်ဝါရီ နှောင်းပိုင်းလောက်မှာ သပိတ် ကော်မတီတွေဖွဲ့ကြ၊ အထွေထွေသပိတ်ကော်မတီအဖြစ် စုစည်းကြဖို့လုံးပမ်းနေကြချိန် လူလတ်တန်းစား အလွှာက နီပေါ လော်ဘီဆိုသူတွေ ဝင်ဖျက်စီးခဲ့ကြတာ၊ မင်းကိုနိုင်က တွဲတိုင်းမှာ စက်ခေါင်းပါတယ်ဆိုပြီး လူထု လှုပ်ရှားမှုကို ဖွဲ့စည်းမှု အားမကောင်းစေဘဲ 'spontaneous' ပုံစံအဆင့်မှာပဲ ဆွဲထားဖို့ ကြိုးစားခဲ့တာတွေနဲ့ နှိုင်းယှဉ်ကြည့်လို့ ရပါတယ်)။ လူထု လှုပ်ရှားမှုအတွင်းကနေ ဒီမိုကရေစီနည်းကျ ဆွေးနွေးဆုံးဖြတ်လိုက်တဲ့ လုပ်ငန်းစဉ်တခု ထွက်မလာအောင် တားဆီးပိတ်ပင်ထားတဲ့ ခေါင်းဆောင်မှုမျိုးကြောင့် မတော်တဆ စင်ပေါ်ရောက်လာတဲ့ အုပ်စုတွေက သူတို့သန်ရာ အယူအဆတွေကို



return to contents

ရှေ့တန်းတင်လာ ကြတော့တယ်။ ဒီလှုပ်ရှားမှုမှာ ရှေ့နေတွေက အားကောင်းကောင်းနဲ့ ပါဝင်နေတယ်၊ သူတို့ရဲ့ ဂုဏ်သိက္ခာလည်း ပိုတက်လာတယ်၊ ဒီတော့ Bar Association of Sri Lanka ဆိုတဲ့ ရှေ့နေအသင်းတခုက လက်ရှိအကြပ်အတည်းကနေ လွတ်မြောက်စေမယ်လို့ ကြွေးကြော်ထားတဲ့ သူတို့ရဲ့ လုပ်ငန်းစဉ်တခုကို ဖော်ထုတ်လာကြတယ်။ ဒါပေမယ့် သူတို့လုပ်ငန်းစဉ်က အုပ်စိုးသူ လူတန်းစားဆီ အရေးတော်ပုံကို ရောင်းစားတဲ့ဟာ ဖြစ်နေတယ်။

အဲဒီရှေ့နေအသင်းက တင်လာတဲ့ လုပ်ငန်းစဉ်ထဲမှာပါတီအားလုံးကလက်ရှိ သမ္မတ ဂိုတာဘာယာ ရာဂျပက်ဆာ နဲ့ အတူပူပေါင်းပြီး ကြားဖြတ် အမျိုးသား ညီညွတ်ရေး အစိုးရ ‘interim national unity government’ ဖွဲ့စည်းရေး အဆိုပြုထားတယ်။ (တိုက်တိုက်ဆိုင်ဆိုင် ဗမာပြည်က INUG နဲ့ နာမည်တောင် တထပ်တည်း တူနေတယ်)။ အဲဒီလို ဖွဲ့စည်းလိုက်တဲ့ ကြားဖြတ် အမျိုးသား ညီညွတ်ရေး အစိုးရအဖွဲ့မှာ လက်ရှိသမ္မတ ဂိုတာက ၆ လလောက် အထိ အာဏာဆက်ယူထားမယ်။ ကြားဖြတ် အမျိုးသားညီညွတ်ရေး အစိုးရက တိုင်းပြည်ကို ဝန်ကြီးချုပ်စနစ်နဲ့ ပြန်သွားဖို့ လုပ်ပေးလိမ့်မယ်လို့ ဆိုတယ်၊ အဲဒီလို ပြင်ဆင်ပြီးတဲ့အခါ နောက်ထပ် အစိုးရအသစ်တင်မြှောက်ဖို့ ရွေးကောက်ပွဲ လုပ်ပေးမယ်။ အဲဒီကြားဖြတ် အစိုးရက သူပေးထားတဲ့ ကတိတွေ တကယ်လုပ်ပေးအောင် လူထုကြီး လမ်းပေါ်မှာ နောက်ထပ် ၆ လ အုံကြွနေရမှာလား။ ဒီလိုမေးခွန်းထုတ်ကြည့်လိုက်မယ်ဆိုရင်အဲဒီအဆိုပြုချက်ရဲ့ဗရမ်းဗတာဆန်မှုကို အထင်းသား တွေ့ရမယ်။

ဒီထက်ပိုဆိုးတာက အဲဒီလို ဖွဲ့စည်းလိုက်တဲ့ ကြားဖြတ်အစိုးရဟာ IMF နဲ့ တခြားတခြားသော အရင်းရှင် နယ်ချဲ့မြို့ရှင်တွေဆီကနေ အကူအညီ လှည့်တောင်းရမယ့် တာဝန်ယူသင့်တယ်လို့BASL ရှေ့နေအသင်းက ရှင်းပြတယ်။ IMF လို ဘဏ္ဍာအရင်းရှင် အဖွဲ့အစည်းတွေက ငွေထုတ်ချေး အကြွေးဆပ်ပေးတာရဲ့ အဓိပ္ပါယ်အမှန်ကို လူထုကြား နားမလည်ဖြစ်ကုန်အောင် လုပ်လိုက်တာ



return to contents

ပဲ။ ရှင်းလင်းခိုင်ကျည်တဲ့ ဆိုရှယ်လစ် ခေါင်းဆောင်မှုသာရှိနေရင် အရင်းရှင် နယ်ချဲ့စနစ်ရဲ့ တကယ့်သရုပ်မှန်ကို လူထု လှုပ်ရှားမှုအတွင်း ရှင်းလင်းပေးနိုင်မယ်။

BASL ရှေ့နေအသင်းရဲ့ လုပ်ငန်းစဉ်မှာ ပါလီမန် ဖြစ်စဉ်အတွင်း လုပ်ငန်းရှင်များ အသင်းတွေ ဒီထက်ဒီထက် ပါဝင်လာဖို့တောင် အဆိုပြုထားသေးတယ်။



သီရိလင်္ကာကို ဒီလိုကပ်ဘေးဆိုက်စေခဲ့တဲ့ အရင်းရှင် လူတန်းစား ကိုယ်စားလှယ်တွေ ပါလီမန် လုပ်ငန်းတွေထဲအထိ တိုက်ရိုက်ဝင်ပါဖို့ လက်ယက်ခေါ်နေတဲ့ လုပ်ငန်းစဉ် ဖြစ်နေတယ်။ လူထု လှုပ်ရှားမှုမှာ ဩဇာတက်နေတဲ့ အဖွဲ့အစည်းတခုက ဒီလိုလုပ်ငန်းစဉ်မျိုး တင်လာတယ်ဆိုတာ အုပ်စိုးသူ လူတန်းစားအဖို့တော့ ကောင်းကင်ဘုံက ပေးသနားလိုက်တဲ့ နတ်သုဒ္ဓါပဲ။

## *ဘာဆက်လုပ်ကြမလဲ*

မေ၉ ဖြစ်စဉ်တွေ နောက်မှာ အလယ်အလတ်သမားတွေ တုန်လှုပ်ကျန်ခဲ့ပြီ။အဲဒီအစိတ်အပိုင်းတွေကဥပဒေလမ်းကြောင်းအတိုင်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အရေးတော်ပုံ အောင်သွားမယ်လို့ စိတ်ကူးယဉ် မျှော်လင့်နေကြတုန်း။ (မှုရင်းဆောင်းပါးကို ရေးနေတဲ့ကာလ မေ ၁၀၊ ၂၀၂၂ မှာ နောက်ဆုံးရ သတင်းတွေအရ) ဂိုတာက BASL ရဲ့ အဆိုပြုချက်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေပြီလို့ သိရတယ်၊ Ra-

nil Wickremesinghe (လက်ယာပါတီ ယူအန်ပီက တဦးတည်းသောအမတ်) ကို ဝန်ကြီးချုပ်ခန့်ထားတယ်။ ဒီလိုနည်းတွေနဲ့ လူထုလှုပ်ရှားမှုကြီးကို ချွေးသိမ့်လိုက်နိုင်မလားဆိုတာတော့ မသေချာပါဘူး။ ပထမဆုံး တစ်ချက်ကတော့ ဒီအရေးတော်ပုံရဲ့ အဓိက ကြွေးကြော်သံတချက်ဖြစ်တဲ့ သမ္မတ ဂိုတာ ပြုတ်ကျရေးဟာ အထမမြောက်သေးဘူး။ ဒုတိယအချက်အနေနဲ့ ပါလီမန်ထဲက ပါတီတွေအချင်းချင်း သူတို့ကြား ဘုံသဘောထားကျနိုင်မှာ မဟုတ်ဘူး။ ဒီဆောင်းပါးရေးနေချိန်အထိ ရရှိထားတဲ့ သတင်းတွေအရ SJB နဲ့ JVP နှစ်ပါတီလုံးက အဲဒီလို ကြားဖြတ်အမျိုးသားညီညွတ်ရေးအစိုးရမျိုးကို မပူးပေါင်းနိုင်ဘူးလို့ ပြောထားကြတယ်။ ‘အမျိုးသား ညီညွတ်ရေး’တော့ ဖြစ်လာမှာ မဟုတ်ဘူး၊ အကြပ်ဆိုက်မြဲ ဆိုက်နေမယ့် အစိုးရတစ်ရပ်ပဲ ဖြစ်လာလိမ့်မယ်။

နောက်ဆုံးအချက်ကတော့ လူထုက အတိုက်အခံ ပါတီတွေကိုလည်း အာဏာရပါတီလိုပဲ မုန်းတီးနေကြတာ။ ဒီတော့အတိုက်အခံအားလုံး ပါလာအောင် ဆွဲဆောင်နိုင်ခဲ့ရင်တောင် ဒီလိုမျိုး အပေါ်ပိုင်း အီလစ်တွေအချင်းချင်း ရင်ကြားစေ့လိုက်တဲ့နည်းနဲ့ လူထုကြီးကို ချွေးသိမ့်နိုင်မှာ မဟုတ်ဘူး။ တနင်္လာနေ့က ‘ဂိုတာ ချက်ချင်းဆင်း’ ကြွေးကြော်ထားတဲ့ သပိတ်စခန်းကို SJB ခေါင်းဆောင် ဆာဂျစ် ပရီမဒဆာ သွားတော့ လူထုက မောင်းထုတ်လွှတ်လိုက်တယ်။

BASL ရှေ့နေအသင်းက ဒီလှုပ်ရှားမှုမှာ ဩဇာရှိသော်ငြား အရေးတော်ပုံ တခုလုံးကို ကိုယ်စားပြု မဖော်ထုတ်နိုင်တာ ထင်ရှားတယ်။ ဒီရှေ့နေအသင်းကဒီလိုမျိုး အလျှော့ပေး စေ့စပ်တာမျိုးကို လူထု လက်ခံလာအောင် လုပ်ဖို့ အလွန်ခက်ပါတယ်။ ဒီလို ရောင်းစားတာမျိုးကို ပိုပြီးရယ်ဒီကယ်ကျတဲ့ အလွှာတွေက ဆန့်ကျင်နေကြပြီ။ ဥပမာ လူငယ်ရှေ့နေများအသင်းက BASL အနေနဲ့ အနိမ့်ဆုံးတော့ ဂိုတာ နှုတ်ထွက်ရေးကိုထည့်တောင်းဆိုဖို့ကောင်းတယ်လို့ ဆိုထားတယ်၊ IMF က ငွေထုတ်ချေးပြီး ဝင်ကူဖို့ တောင်းဆိုတာမျိုးကို လူငယ် ရှေ့နေ



return to contents

များအသင်းက ဆန့်ကျင်ထားတယ်။ ဒီလှုပ်ရှားမှုကြီး ရှေ့ကို ဆက်ချီတက်သွားတာပဲဖြစ်ဖြစ် ဒါမှမဟုတ် တုန်လှုပ်ခြောက်ခြားနေတဲ့ လူလတ်တန်းစား ခေါင်းဆောင်တချို့ တင်သွင်းလာတဲ့ ရှုပ်ထွေးမှုကြောင့် ယာယီအားဖြင့် ဒီရေကျသွားတာပဲဖြစ်ဖြစ် အရေးကြီး ကင်းမဲ့နေခြင်း၊ ကိုယ့်ဘာသာ တက်လုပ်တဲ့ ‘ခေါင်းဆောင်တွေ’ရဲ့ အရည်အသွေး မပြည့်စုံခြင်းတွေပဲ။

အစိုးရသစ်က IMF ဆီကနေ ချေးငွေယူတဲ့ လမ်းကို ဖွင့်ချလိုက်မယ်ဆိုရင် အရင်းရှင်နယ်ချဲ့တွေ တိုက်တဲ့



အချိုးအကွေ့ကို ရောက်ခဲ့ပြီဆိုတာ တော့ သေချာတယ်။ ဒီအရေးတော်ပုံကြီးကို ပထမဆုံး မှတ်ကျောက်တင် စမ်းသပ်မှုမှာ သူ့ရဲ့ အားနည်းချက်တွေကတော့ ဖွဲ့စည်းမှုနဲ့ လုပ်ငန်းစဉ် ဆေးခါးကြီး ရဲ့ သဘာဝအမှန်ကို လူထုကြီးက ခါးသီးစွာ သင်ယူကြလိမ့်မယ်။ လူတန်းစား အသိစိတ် အစူးရှဆုံး တော်လှန်ရေး အဆန်ဆုံး အစိတ်အပိုင်းတွေအဖို့တော့ သင်ခန်းစာ ထုတ်ယူ




return to contents

ပြီး နောက်ထပ်လာမယ့် တိုက်ပွဲကြီး အတွက် ပြင်ဆင်ထားရမယ့် အချိန်ဖြစ်ပါတယ်။ ဒီအရေးတော်ပုံကနေ ရလိုက်တဲ့ သင်ခန်းစာကတော့ လက်ငင်းအရေးကြီးဆုံး တာဝန်ဟာ ရှင်လင်းပြတ်သားတဲ့ ဆိုရှယ်လစ် လုပ်ငန်းစဉ်တခုရှိတဲ့ တော်လှန်ရေး ပါတီတခု ဖွဲ့စည်းရေးပဲ။ဒီကနေ့ တော်လှန်ရေး အခြေအနေမျိုးမှာ အဲဒီလို ပါတီတခု မြန်မြန်ဆန်ဆန်ကြီး ထွားသွားနိုင်တဲ့ အလားအလာ ရှိတယ် ၊ အဲဒီပါတီရဲ့ ဆန်းစစ်သုံးသပ်ချက်တွေ က လက်တွေ့ဖြစ်ရပ်တွေနဲ့ ကိုက်ညီနေမယ်၊ လူထုကြီးကလည်း အရင်းရှင်စနစ်ဘောင်ထဲကနေ သူတို့ပြဿနာတွေကို ဖြေရှင်းလို့ မရနိုင်မှန်း သင်ခန်းစာ ထုတ်ယူသွားမယ်ဆိုရင် တဟုန်ထိုး ကြီးထွားသွားနိုင်တယ်။ တော်လှန်ရေး ပါတီ တစ်ခုဆိုရင် ဒီကနေ့ လူထု လှုပ်ရှားမှုထဲမှာ ရှိနေတဲ့ ရှုပ်ထွေးမှုတွေကို ရှင်းလင်းပေးနိုင်လိမ့်မယ်၊ သီရိလင်္ကာ အလုပ်သမား လူတန်းစားကိုယ်တိုင် အာဏာအရယူရေး တိုက်ပွဲလမ်းကြောင်းကို ဖွင့်ထုတ်ပေးနိုင်လိမ့်မယ်။

ကိုဂျက်(က်) ဘာသာပြန်ပါတယ်

Source - Sri Lanka: counter-revolution provokes a social explosion by Ben Curry (12 May 2022)





# In Memory of Leon Trotsky

၁၉၄၀ ဩဂုတ်လ ၂၀ရက်နေ့မှာ GPUအေးဂျန့် Ramon Mercaderက လီယွန်ထရော့စကီးကို နောက်ကျောကနေ ချောင်းမြောင်းလုပ်ကြံခဲ့တယ်။စတာလင်ရဲ့ အမိန့်နဲ့ အခုလို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။

အောက်တိုဘာ တော်လှန်ရေးရဲ့ ဗိသုကာတဦးဖြစ်သလို ဆိုဗီယက် တပ်နီတော်ရဲ့ ဖခင်တဦးလည်း ဖြစ်တဲ့ လီယွန်ထရော့စကီးကို စတာလင်ဗျူရိုကရေစီက ရုရှားပြည်ကနေ မောင်းထုတ်ခဲ့လို့ မက်စီကိုမှာ ခိုလှုံနေရစဉ် အခုလို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့အင်အားကြီး ဆိုဗီယက် နိုင်ငံတော်ကို အပိုင်စီးထားတဲ့ စတာလင်က ထရော့စကီးလို လက်နက်မဲ့ အဘိုးကြီးတယောက်ကို ဘာ့ကြောင့် ချောင်းမြောင်း လုပ်ကြံခိုင်းရသလဲ။


ထရော့စကီးဟာ အောက်တိုဘာ တော်လှန်ရေးရဲ့ ဗိသုကာတစ်ဦးဖြစ်ရုံသာမက စတာလင် ဗျူရိုကရေစီ ချေမှုန်းဖျက်ဆီးပစ်လိုက်တဲ့ အောက်တိုဘာ တော်လှန်ရေး အစဉ်အလာ၊ အလုပ်သမားထု ဒီမိုကရေစီနဲ့ စစ်မှန်သော မာ့(က်စ်)ဝါဒကို အခိုင်အမာ ရပ်ခံကာကွယ်သူ




return to contents

ဖြစ်နေလို့ပဲ။ အဲဒီကာလမှာ စတာလင် ဗျူရိုကရေစီရဲ့ အကြမ်းဖက် နှိပ်ကွပ်မှုတွေကို ကြံ့ကြံ့ခံပြီး စစ်မှန်သော ဆိုရှယ်လစ်စနစ်အတွက် ရပ်တည်တိုက်ပွဲဝင်နေတာ ထရော့စကီးတစ်ယောက်ပဲ ကျန်တော့တယ်။ ဒါ့ကြောင့်လည်း မဟာအင်အားကြီး နိုင်ငံတော်တခုရဲ့ ထိပ်သီးနေရာခွထိုင်ထားသူ စတာလင်က လီယွန်ထရော့စကီးကို ကြောက်လန့်ခဲ့ခြင်း ဖြစ်တယ်၊ သူရဲဘောကြောင်စွာ ချောင်းမြောင်း သတ်ဖြတ်ခိုင်းခဲ့ခြင်း ဖြစ်ပါတယ်။

လုပ်ကြံသတ်ဖြတ်ခံခဲ့ရတာ ၈၂ နှစ်ရှိပြီဖြစ်ပေမယ့် ထရော့စကီး ရပ်ခံကာကွယ်ခဲ့တဲ့မာ့(က်စ်)ဝါဒ နဲ့ ဘော်ရှီဗစ်အစဉ်အလာ၊ တော်လှန်ရေး လုပ်ငန်းစဉ်တွေဟာ ယနေ့တိုင် ခေတ်မီသစ်လွင်နေဆဲ ဖြစ်ပါတယ်။ ဒီတော်လှန်ရေး အမွေကို ပြန်လည် ဖော်ထုတ်ရေး ရည်စူးပြီး ထရော့စကီး လက်ရာ ၂ခုနဲ့ မိတ်ဆက် ပေးလိုက်ပါတယ်။






# THE TRANSITIONAL PROGRAM

Leon Trotsky (1938)

# THE TRANSITIONAL PROGRAM

## (မြန်မာဘာသာပြန်)

### ဆိုရှယ်လစ်တော်လှန်ရေး အတွက် လိုအပ်သော ပကတိ ဘာဝ အခြေအနေများ

ကမ္ဘာ့နိုင်ငံရေးအခြေအနေတစ်ခုလုံး ကို အဓိကအားဖြင့် ပစ္စည်းမဲ့ လူတန်းစား ရဲ့ သမိုင်းဆိုင်ရာ ခေါင်းဆောင်မှုပိုင်း အကြပ်အတည်းနဲ့ ဝိသေသဖော်ပြနေ တယ်။

ပစ္စည်းမဲ့တော်လှန်ရေး ဖြစ်ပေါ်လာ ဖို့ လိုအပ်တဲ့ စီးပွားရေး အခြေအနေ လိုအပ်ချက်ဟာ ယေဘုယျဆိုရရင် အရင်းရှင်စနစ်အောက်မှာ ဖွံ့ဖြိုးနိုင် သမျှအမြင့်ဆုံးအဆင့်အထိ ရင့်မှည့်နေ ပြီ။လူသားတွေရဲ့ ကုန်ထုတ် စွမ်းအားစု တွေဟာ ဆက်မဖွံ့ဖြိုးတော့ဘဲ ထိုင်းမှိုင်း နေတယ်။ တီထွင်ဖန်တီးမှုအသစ်တွေ ၊တိုးတက်မှု အသစ်တွေဟာ ရုပ်ပိုင်း ဘာဝ ကြွယ်ဝချမ်းသာလာအောင် ထပ် ပြီး မမြှင့်တင်နိုင်တော့ဘူး။ အရင်းရှင် စနစ် တစ်ခုလုံးရဲ့ လူမှု အကြပ်အတည်း အခြေအနေတွေအောက် အကြောင်း အချင်းရာမျိုးစုံ ပေါင်းစုံဖြစ်ထွန်းလာတဲ့ အကြပ်အတည်းတွေဟာ လူထုကို ပိုပြီး ပြင်းပြင်းထန်ထန် ဒုက္ခရောက်စေတယ် ၊ ချို့တဲ့သထက် ချို့တဲ့ လာစေတယ်။ အလုပ်လက်မဲ့တွေ တနေ့တခြား များပြား လာခြင်းဟာ ဘဏ္ဍာရေး အကြပ်အ တည်းကို ပိုပြင်းထန် စေတယ်၊ ဒါ့အပြင် နဂိုကတည်းက မတည်မငြိမ် ဖြစ်နေတဲ့ ငွေကြေးစနစ်တွေကို ချိနဲ့စေတယ်။ ဒီမို ကရက်တစ် အစိုးရတွေရော၊ ဖက်ဆစ် အစိုးရတွေရော အကြပ်အတည်းတစ်ခု ပြီးတစ်ခုဆိုက်ကာ ပြိုလုနီးပါး ယိုင်ကျ လာတယ်။

ဘူဇွာလူတန်းစားဟာ ဒီအကြပ်အ တည်းက လွတ်လမ်းကို မမြင်တော့ဘူး။ ဖက်ဆစ်စနစ်ဆိုတဲ့ နောက်ဆုံးဖဲချပ်ကို



return to contents

ရွေးလိုက်ရတဲ့ တိုင်းပြည်တွေမှာ အခုဆို ဘူဇွာလူတန်းစားက စီးပွားရေး၊ စစ်ရေး ကပ်ဘေးတွေဆီ မျက်စိစုံမှိတ် ပြီး လျှော ဆင်းသွားကြပြီ။ သမိုင်းဆိုင်ရာ အခွင့်ထူး ခံ နေရာရထားတဲ့ တိုင်းပြည်တွေ - ဆိုလို တာက တိုင်းပြည်ရဲ့ ဓနဥစ္စာ ကြွယ်ဝမှု ကို အရင်းပြုပြီး ဘူဇွာလူတန်းစားက ဒီမိုကရေစီဆိုတဲ့ ဖိမ်ခံပစ္စည်းကို ကာလတ ခုအထိ ခွင့်ပြုထားနိုင်သေးတဲ့ တိုင်းပြည် တွေ - (ဗြိတိန်၊ ပြင်သစ်၊ အမေရိကန် အစရှိတဲ့ တိုင်းပြည်တွေ)မှာ အစဉ်အလာ အရင်းရှင် ပါတီအားလုံးဟာ သွက်ချာပါဒ လိုက်ခါနီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မ သိအောင် ရှုပ်ထွေးဝေဝါးနေပြီ။

အစောပိုင်းကာလမှာ ခိုင်မာ အားကောင်းသယောင် ဆောင်ထားတဲ့ "New Deal" ဟာ နိုင်ငံရေး ရှုပ်ထွေး ဝေဝါးမှု အထူးပုံစံတမျိုးသာဖြစ်တယ် ။ ဘူဇွာလူတန်းစားက ဓနဥစ္စာတွေ မရေမတွက်နိုင်အောင် စုဆောင်း ထားနိုင်တဲ့ တိုင်းပြည်တခုမှာပဲ ဒါမျိုး အယောင်ဆောင်နိုင်တယ်။ လက်ရှိ အကြပ်အတည်းဟာ ပြီးဆုံးဖို့ ဝေးစွ၊ ပြင်သစ်မှာ ကျင့်သုံးခဲ့တဲ့ တပ်ပေါင်းစု နိုင်ငံရေးလို "New Deal" နိုင်ငံရေးဟာ စီးပွားရေး ကပ်ဘေးကနေ လွတ်လမ်း မ ရှိ၊ လမ်းဆုံးမှာ ပိတ်မိနေပြီ ဆိုတဲ့အချက် ကို မီးမောင်းထိုးပြထားတယ်။

နိုင်ငံတကာ ဆက်ဆံရေးမှာလည်း အခြေအနေ မကောင်း။ အရင်းရှင်စနစ် ကသောင်းကနင်း ဖိအားတွေ များသ ထက် များလာတဲ့ အခြေအနေမှာ နယ် ချဲ့သမားတွေကြား ပဋိပက္ခဟာ ဘယ်လို မှ ဖြေရှင်းမရတဲ့ အဆင့်ကို ရောက် နေပြီ။ ဒီလို နယ်ချဲ့သမားတွေကြား ပဋိပက္ခ အထိတ်အထိပ် ရောက်လာ ချိန်မှာ ကွက်ကြား တိုက်ပွဲတွေနဲ့ ဒေသ အလိုက် သွေးထွက်သံယို ထိပ်တိုက်တွေ့ မှုတွေ (အီသီယိုးပီးယား၊ စပိန်၊ အရှေ့ အစွန်အဖျား၊ ဗဟိုဥရောပ) ကနေ ကမ္ဘာ တခွင်လုံး တဟုန်းဟုန်းတောက်လောင် တဲ့ အဖြစ်ကို မလွဲမသွေ ဦးတည်သွား မယ်။ တကယ်တော့ ဘူဇွာ လူတန်းစား ဟာ စစ်ပွဲအသစ်တခု ဖြစ်လာရင် သူတို့ရဲ့ အုပ်စိုးမှုကို အလဲထိုးပစ်နိုင်တဲ့ အန္တရာယ် ရှိကြောင်း ကောင်းကောင်း သိထားတယ်



return to contents

။ ဒါပေမယ့်လည်း အရင်းရှင် လူတန်းစားဟာ ၁၉၁၄ (ပထမကမ္ဘာစစ် မဖြစ်ခင်) ကာလတုန်းကလောက်တောင် စစ်ကိုရှောင်လွှဲနိုင်ခြင်း မရှိတော့ဘူး။

ဆိုရှယ်လစ်စနစ် ဖော်ဆောင်ဖို့ သမိုင်းအခြေအနေတွေ "မရင့်မှည့်သေးဘူး"လို့ ပြောကြတာတွေဟာ အသိတရားမရှိလို့ရင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ် သိသိရက်နဲ့ လှည့်ဖျားနေတာပဲ ဖြစ်မယ်။ ပစ္စည်းမဲ့ တော်လှန်ရေး ဖြစ်ပေါ်လာဖို့ လိုအပ်တဲ့ ပကတိဘာဝ အခြေအနေတွေဟာ "ရင့်မှည့်" နေရုံမကဘူး၊ ပုပ်သိုးတဲ့ အဆင့်ကိုတောင် ရောက်စပြုနေပြီ။ဆိုရှယ်လစ် တော်လှန်ရေးသာ မဖြစ်ခဲ့ရင် လာမယ့်သမိုင်းကာလမှာ ကပ်ဘေးတခုခုက လူသား ယဉ်ကျေးမှု တခုလုံးကို ဖျက်စီးပစ်မယ့် အန္တရာယ်ရှိတယ်။ သမိုင်းဟာ ပစ္စည်းမဲ့ လူတန်းစားဘက်ကို လှည့်လာပြီ (ဆိုလိုတာက) ပစ္စည်းမဲ့ လူတန်းစားရဲ့ တော်လှန်ရေး တပ်ဦးဘက်ကို အဓိက ဦးတည်နေပြီ။ လူသားရဲ့ သမိုင်းဆိုင်ရာ အကြပ်အတည်းဟာ တော်လှန်ရေး ခေါင်းဆောင်မှု အကြပ်အတည်းအဖြစ် ပေါ်ထွက်နေပြီ။

## ပစ္စည်းမဲ့လူတန်းစားနဲ့ ခေါင်းဆောင်မှု

စီးပွားရေး၊ နိုင်ငံတော်၊ ဘူဇွာ နိုင်ငံရေးနဲ့ နိုင်ငံတကာ ဆက်ဆံရေး မျက်နှာစာအားလုံး လူမှုအကြပ်အတည်းကြောင့် လုံးဝ အထိနာသွားပြီ။ ဒါဟာလူ့အဖွဲ့အစည်းရဲ့ တော်လှန်ရေး အကြိုကာလကို ထင်ဟပ်နေတယ်။တော်လှန်ရေး အကြိုကာလကနေ တော်လှန်ရေးအဆင့်ကို ကူးပြောင်းရာလမ်းမှာ အဓိက ပိတ်ဆို့နေတာက ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှုရဲ့ အချောင်သမား လက္ခဏာပဲ။ ခနရှင်ကြီး လူတန်းစားရှေ့မှောက်မှာခနရှင်ပေါက်စ လူတန်းစားရဲ့ သူရဲဘောကြောင်မှုနဲ့ ခနရှင်လူတန်းစား သေကောင်ပေါင်းလဲ ဖြစ်နေချိန်မှာတောင် ခနရှင်ကြီးတွေနဲ့ ယုံကြည်လို့မရအောင် ပေါင်းဖက်နေမှုဟာ ခေါင်းဆောင်ပိုင်းရဲ့ အချောင်သမား လက္ခဏာကို ဖော်ပြနေခြင်းဖြစ်တယ်။


return to contents

နိုင်ငံအားလုံးက ပစ္စည်းမဲ့လူတန်းစားဟာ ပူပန်သောကတွေ တထွေးကြီးနဲ့ မရှုနိုင် မကယ်နိုင် ဖြစ်နေတယ်။ သန်းပေါင်းများစွာသော လူထုဟာ တော်လှန်ရေး လမ်းမပေါ်ကို တချီပြီးတချီ ထိုးတက်လာတယ်။ ဒီလို ချီတက် လာတိုင်း သူတို့ရဲ့ ကွန်ဆာဗေးတစ် ဗျူရိုကရေစီ ယန္တယားတွေက ခြေထိုးကန့်လန့်ခံထားတယ်။

စပိန်က ပစ္စည်းမဲ့ လူတန်းစားဟာ ၁၉၃၁ခုနှစ်၊ ဧပြီလကတည်းက အာဏာအရယူပြီး လူ့အဖွဲ့အစည်းရဲ့ ကြမ္မာကို ပဲ့ကိုင်ဖို့ သူရဲကောင်းဆန်တဲ့ တိုက်ပွဲတွေ တောက်လျှောက် ဆင်နွှဲခဲ့တယ်။ ဒါပေမယ့် ပစ္စည်းမဲ့ လူတန်းစား ပါတီတွေ (ဆိုရှယ်ဒီမိုကရက်တွေ၊ စတာလင်ဝါဒီတွေ၊ အနားခစ်တွေ၊ POUMists) က ချီတက်ရာလမ်းမှာ ဘရိတ် အုပ်ခဲ့ကြတယ်၊ ဒါ့ကြောင့်ပဲ စပိန်မှာ ဖရန်ကို အောင်ပွဲခံနိုင်ခြင်း ဖြစ်တယ်။

ပြင်သစ်မှာ "ပိတ်ဆို့ရေး ထိုင်သပိတ်တွေ" ၁၉၃၆ခုနှစ် ဇွန်လအတွင်း အကြီးအကျယ် ဖြစ်ပွားခဲ့တယ်၊ဒါဟာ ပစ္စည်းမဲ့ လူတန်းစားက အရင်းရှင်စနစ်ကို ဖြိုချပစ်ဖို့ အားမာန်အပြည့်နဲ့အဆင်သင့် ဖြစ်နေပြီဆိုတာကို ဖော်ပြလိုက်တာပဲ။ ဒါပေမယ့် ခေါင်းဆောင်အဖွဲ့အစည်းတွေ (ဆိုရှယ်လစ်တွေ၊ စတာလင်ဝါဒီတွေ၊ စင်ဒီကယ်လစ်တွေ)က တပ်ပေါင်းစု ခေါင်းစဉ်အောက်ကနေ တော်လှန်ရေး ရေစီးကို မြောင်းဖော်၊ဆည်ဆောက်ပြီး အနည်းဆုံးတော့ ယာယီ ဟန့်တားထားနိုင်ခဲ့တယ်။

ပိတ်ဆို့ရေး ထိုင်သပိတ်တွေ မကြုံဖူးအောင် ထိုးတက်လာခြင်း၊ အမေရိကမှာ စက်မှုဇုံ သမဂ္ဂတွေ အံ့အားသင့်ရလောက်အောင် တဟုန်ထိုး တိုးပွားလာခြင်းဟာ အမေရိကန် အလုပ်သမားတွေက သူတို့ပုခုံးပေါ် သမိုင်းက ပစ်တင်ပေးလိုက်တဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်လောက်တဲ့အထိ သူတို့ကိုယ်တိုင် ဆွဲတင်ဖို့ အပြင်းအထန် ရုန်းကန်နေခြင်းကို ဘယ်လိုမှ ငြင်းမရအောင် ဖော်ထုတ်ပြလိုက်တာပဲ။ ဒါပေမယ့် အမေရိက



return to contents

မှာလည်း အသစ် ထူထောင်ထားကာစ (CIO) အပါအဝင် ခေါင်းဆောင် နိုင်ငံရေး အဖွဲ့တွေဟာ လူထုရဲ့ တော်လှန်ရေး တွန်းအားကို ထိန်းချုပ်၊ ကွပ်ညှပ်ပစ်ဖို့ရာ အစွမ်းကုန် အားထုတ်နေတယ်။

ကွန်မင်တန် (၁၉၂၄နောက်ပိုင်း စတာလင်၊ ဇီနိုးဗီးယက် ခေါင်းဆောင်မှုအောက်က တတိယ ကွန်မြူနစ် အင်တာနေရှင်နယ်) က ဘူဇွာစနစ်ဘက်ကို အတိအကျကူးပြောင်းသွားခြင်း၊ ကမ္ဘာတလွှား အထူးသဖြင့် စပိန်၊ ပြင်သစ်၊ အမေရိကနဲ့ တခြား "ဒီမိုကရက်တစ်" တိုင်းပြည်တွေမှာ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ တန်ပြန် တော်လှန်ရေး အခန်းကဏ္ဍကနေ ပါဝင်လာခြင်းကြောင့် ကမ္ဘာ့ပစ္စည်းမဲ့ လူတန်းစားအတွက် ပိုပြီးအခက်အခဲတွေ များပြားလာရတယ်။အောက်တိုဘာ တော်လှန်ရေး အလံအောက်ကနေ တပ်ပေါင်းစု နည်းဗျူဟာနဲ့ ဖော်ဆောင် လိုက်တဲ့ မူမဲ့ချော့မြူရေး နိုင်ငံရေးဟာ အလုပ်သမား လူတန်းစားကို အညွန့်တုံးသွားစေပြီး၊ ဖက်ဆစ်စနစ်ကို လမ်းရှင်းပေးလိုက်တယ်။

တဖက်မှာ တပ်ပေါင်းစု နိုင်ငံရေး၊တခြားတဖက်မှာ ဖက်ဆစ်စနစ်၊ဒါတွေဟာ ပစ္စည်းမဲ့ တော်လှန်ရေးကို ဆန့်ကျင်တိုက်ဖျက်တဲ့ နယ်ချဲ့စနစ်ရဲ့ လက်ကျန်နိုင်ငံရေးအင်အားတွေပဲ။ ဒါပေမယ့် သမိုင်းရေးရှုထောင့်က ကြည့်ရင် ဒီအင်အားတွေဟာ ယာယီခရီးတထောက်သာဖြစ်တယ်။ အရင်းရှင်စနစ်ဟာ ပြင်သစ်မှာ (Phrygian cap* အောက်)၊ ဂျာမနီမှာ (နာဇီပါတီရဲ့ သင်္ကေတ swastika အောက်မှာ) ဆက်လက်ယိုယွင်းနေတယ်။ ဘူဇွာ လူတန်းစားကို ဖြိုချပစ်ဖို့ ကလွဲလို့ တခြားလွတ်မြောက်ရာ လမ်း မရှိပေ။

(* ပြင်သစ် တော်လှန်ရေးမှာ လွတ်လပ်မှုရဲ့ သင်္ကေတအဖြစ် ပုံဖော်ခဲ့တဲ့ ခေါင်းဆောင်းကိုဆိုလို)

လူထုရဲ့ ဦးတည်ရာ လမ်းကြောင်းကို ယိုယွင်းပျက်စီးနေတဲ့ အရင်းရှင်စနစ်ရဲ့ ပကတိဘာဝ အခြေအနေတွေက ပထမ ပြဋ္ဌာန်းတယ်၊ ဒုတိယအနေနဲ့ အလုပ်သမား အဖွဲ့အစည်း အဟောင်း

တွေရဲ့ သစ္စာဖောက် နိုင်ငံရေးက ပြဋ္ဌာန်းတယ်။ ဒီအချက်တွေထဲမှာ ပထမအချက်က အဆိုးအဖြတ်ဖြစ်တယ်၊ သဘောကတော့ သမိုင်းရဲ့ နိယာမ တွေက ဗျူရိုကရေစီ ယန္တယားထက် ပိုအားကောင်းလို့ပဲ။ လူထုကို သစ္စာဖောက်သူတွေရဲ့ နည်းနာတွေ ဘယ်လိုပဲ ကွဲပြားပါစေ ကိစ္စမရှိပါဘူး။ ဒါတွေက ပစ္စည်းမဲ့ လူတန်းစားရဲ့ တော်လှန်ရေး စိတ်ဓာတ်ကို မဖြိုခွဲနိုင်ဘူး။ ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှု အကြပ်အတည်းဟာ လူသားမျိုးနွယ်တခုလုံးရဲ့ ယဉ်ကျေးမှုကိုပါ ခြိမ်းခြောက်လာတဲ့ အကြပ်အတည်း ဖြစ်လာတယ်။ အချိန်တွေကြာလာတာနဲ့ ဒီအကြပ်အတည်းကို စတုတ္ထအင်တာနေရှင်နယ်ကသာ ဖြေရှင်းပေးနိုင်မှာ ဖြစ်ကြောင်း သမိုင်းဘီးကို နောက်ပြန်ဆွဲထားချင်တွေရဲ့ အသည်းအသန် ကြိုးပမ်းချက်တွေက လူထုကို ရှင်းရှင်းလင်းလင်း ဖော်ပြသွားလိမ့်မယ်။

## အနိမ့်ဆုံးလုပ်ငန်းစဉ်နဲ့ အကူးအပြောင်း လုပ်ငန်းစဉ်

လှုံ့ဆော်စည်းရုံးခြင်း၊ သဘောတရားရေး ဖြန့်ချိခြင်း၊ ဖွဲ့စည်းခြင်းတွေ လုပ်ထားရမယ့် တော်လှန်ရေး အကြိုကာလရဲ့ မဟာဗျူဟာမြောက် လုပ်ငန်းထဲမှာ ပကတိဘာဝ တော်လှန်ရေး အခြေအနေတွေ ရင့်မှည့်နေခြင်းနဲ့ ပစ္စည်းမဲ့ လူတန်းစားနဲ့တပ်ဦး အဖွဲ့အစည်းရဲ့ အဆင်သင့် မဖြစ်သေးခြင်းကြားက ပဋိပက္ခကို ကျော်လွှားရမယ့် တာဝန် ရှိနေတယ်။ (ပစ္စည်းမဲ့ လူတန်းစားရဲ့ ဦးဆောင်အဖွဲ့အစည်း အဆင်သင့် မဖြစ်သေးဘူးဆိုရာမှာ မျိုးဆက်ဟောင်းက ရှုပ်ထွေး၊ စိတ်ပျက်နေတယ်၊ မျိုးဆက်သစ်က အတွေ့အကြုံဘာမှ မရှိသေးဘူး)။ အဖိနှိပ်ခံလူထုရဲ့ နေ့တဓူဝ တိုက်ပွဲတွေအတွင်း လက်ငင်းကာလ လိုလားချက်တွေနဲ့ ဆိုရှယ်လစ်တော်လှန်ရေး လုပ်ငန်းစဉ်ကြား ပေါင်းကူး တံတား ရှာတွေ့အောင် မာ့(က်စ်)ဝါဒီတွေက ကူညီပေးဖို့ လိုအပ်

တယ်။ ဒီလို ပေါင်းကူးတံတား ထိုးပေးရာမှာ အကူးအပြောင်း သဘောဆောင်တဲ့ တောင်းဆိုချက်တွေကို စနစ်တကျ ထည့်သွင်းထားသင့်တယ်။ ဒီတောင်းဆို ချက်တွေဟာ ကျယ်ပြန့်လှတဲ့ အလုပ်သမား ထုရဲ့ လက်ရှိ လူမှုဘဝ အခြေအနေတွေနဲ့ အသိစိတ်နိုးကြားမှုမှာ မြစ်ဖျားခံထားရမယ်၊ အဲဒီကနေ ပစ္စည်းမဲ့ လူတန်းစားက အာဏာသိမ်းရေးဆိုတဲ့ တခုတည်းသော နောက်ဆုံး ကောက်ချက်ဆီကို မလွဲမသွေ ဦးတည်သွားစေရမယ်။

အရင်းရှင်စနစ် တိုးတက်နေဆဲခေတ်မှာ အားကောင်းခဲ့တဲ့ စံတော်ဝင် ဆိုရှယ်ဒီမိုကရေစီက လုပ်ငန်းစဉ်ကို နှစ်ပိုင်း ခွဲခြားပစ်ခဲ့တယ်။ ဒီလုပ်ငန်းစဉ် နှစ်ခုဟာလည်း တခုနဲ့တခု သီးခြားကင်းလွတ်နေတယ်။ အနိမ့်ဆုံး လုပ်ငန်းစဉ်ကို ဘူဇွာ လူ့အဖွဲ့အစည်းဘောင်ထဲကနေ ပြုပြင်မှုတွေလုပ်ရေးမှာပဲ ကန့်သတ်ထားတယ်။ အရင်းရှင်စနစ် နေရာမှာ ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးရမယ်လို့ ဟစ်ကြွေးထားတဲ့ အမြင့်ဆုံး လုပ်ငန်းစဉ်ကိုတော့ အတိအကျမပြောနိုင်တဲ့ ဟိုးအနာဂတ်ကို ပို့ထားတယ်။ အနိမ့်ဆုံး လုပ်ငန်းစဉ်နဲ့ အမြင့်ဆုံးလုပ်ငန်းစဉ်ဟာ သီးခြားစီ ရပ်တည်နေတယ်၊ သူတို့ကြားမှာ ပေါင်းကူးတံတား မရှိဘူး။

တကယ်တော့ ဆိုရှယ်ဒီမိုကရေစီမှာ ဒီလို ပေါင်းကူးတံတားလည်း မလိုအပ်ဘူး ၊ အကြောင်းကတော့ ဆိုရှယ်လစ်စနစ်ဆိုတဲ့ စကားကို အားလပ်ရပ်မှာ အားလူးဖုတ်ရုံသက်သက် ပြောနေတာမို့ပဲ ။ စတာလင် ဗျူရိုကရေစီအောက်က တတိယ ကွန်မြူနစ် အင်တာနေရှင်နယ်ကလည်း ယိုယွင်းပျက်စီးနေတဲ့အရင်းရှင်စနစ်ခေတ်မှာ ဆိုရှယ်ဒီမိုကရေစီလမ်းကို လိုက်နေခြင်းဖြစ်တယ်။ ဒီကာလမှာ ယေဘုယျအားဖြင့် အရင်းရှင်စနစ်ဘောင်ထဲကနေ တိုးတက်တဲ့ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဖို့ မဖြစ်နိုင်တော့ဘူး၊ လူထုရဲ့ လူနေမှု အဆင့်အတန်းကို မြှင့်တင်မပေးနိုင်တော့ဘူး။ ပစ္စည်းမဲ့လူတန်းစား တောင်းဆိုလိုက်သမျှ ပြုပြင်ပြောင်းလဲမှု အချက်တွေဟာ အရင်းရှင်စနစ်ရဲ့ အကန့်အသတ်ဘောင်ကို ကျော်လွန်နေတဲ့ခေတ်ကို ရောက်နေပြီ ၊ ခေတ်ရှင်ပေါက်စတွေရဲ့ ပြုပြင်ပြောင်းလဲ


return to contents

ရေး တောင်းဆိုချက်တွေကိုတောင် အရင်းရှင်စနစ်နဲ့ အရင်းရှင်နိုင်ငံတော်ဘောင် အတွင်းမှာ ဖြေရှင်းမပေးနိုင်တော့တဲ့ ကာလဖြစ်တယ်။

စတုတ္ထ အင်တာနေရှင်နယ်ရဲ့ မဟာဗျူဟာမြောက်တာဝန်က အရင်းရှင်စနစ်ကို ပြုပြင်ရေး မဟုတ်ဘူး၊ ဖြိုချပစ်ဖို့ ဖြစ်တယ်။ စတုတ္ထ အင်တာနေရှင်နယ်ရဲ့ နိုင်ငံရေးရည်မှန်းချက်က ဘူဇွာ လူတန်းစား လက်ဝါးကြီးအုပ် သိမ်းပိုက် ထားတာတွေ ပြန်သိမ်းယူနိုင်ဖို့ပစ္စည်းမဲ့လူတန်းစားက အာဏာသိမ်းပိုက်ရေး ဖြစ်တယ်။ ဒါပေမယ့် နည်းဗျူဟာ ပြဿနာတွေကို အထူးအလေးထား မစဉ်းစားဘဲ ဒီ မဟာဗျူဟာမြောက် တာဝန် အောင်မြင်နိုင်မှာ မဟုတ်ဘူး။ အလုပ်ဌာန အသီးသီးမှာ ရှိနေတဲ့ ပစ္စည်းမဲ့ လူတန်းစားရဲ့ အလွှာအားလုံးကို တော်လှန်ရေးလှုပ်ရှားမှုထဲ ပါလာအောင် စည်းရုံးထားနိုင်ဖို့ လိုတယ်။ ဒီကနေ့ခေတ်ရဲ့ ထူးခြားချက်က တော်လှန်ရေးပါတီတွေဟာ နေ့တဓူဝလုပ်ငန်းဆောင်တာတွေကနေ ကင်းလွတ်သွားတဲ့ အချက်မဟုတ်ဘူး၊ နေ့တဓူဝ လုပ်ငန်းတွေကို တော်လှန်ရေး လုပ်ငန်းတွေနဲ့ မပြတ် ချိတ်ဆက်ထမ်းဆောင်ရမယ့် အချက်ပဲ။



စတုတ္ထအင်တာနေရှင်နယ်ဟာအနိမ့်ဆုံးလုပ်ငန်းစဉ်အဟောင်းကို လုံးလုံးလျားလျား ပယ်ရှားပစ်လိုက်တာမျိုး မလုပ်ဘူး။ စတုတ္ထအင်တာနေရှင်နယ်ဟာ အလုပ်သမားထုရဲ့ ဒီမိုကရေစီ အရေးအခွင့်တွေနဲ့လူမှုစီးပွား အောင်သီးအောင်ပွင့်တွေကို ချေဖျက်မခံဘဲ ခုခံ

ကာကွယ်တယ်။ ဒါပေမယ့် စတုတ္ထ အင်တာနေရှင်နယ်က ဒီနေ့တစ္စုဝလုပ်ငန်း (အနိမ့်ဆုံးလုပ်ငန်းစဉ်)ကို မှန်ကန်တဲ့ တော်လှန်ရေး ရှုထောင့်ကနေပဲ အကောင်အထည် ဖော်တယ်။ လူထုရဲ့ အနိမ့်ဆုံး လုပ်ငန်းစဉ်တောင်းဆိုချက်တွေကို ယိုယွင်းပျက်စီးနေတဲ့ အရင်းရှင်စနစ်က လိုက်လျောခြင်းမပြုတော့ဘဲ ချေဖျက်ပစ်ဖို့လုပ်လာတိုင်း စတုတ္ထ အင်တာနေရှင်နယ်က အကူးအပြောင်း သဘောတောင်းဆိုချက်စနစ်ကို ဖော်ထုတ်ပေးတယ်။ ဘူဇွာစနစ်ရဲ့ အခြေခံတွေကို ပိုပြီး ပြင်းပြင်းထန်ထန်၊ ပိုပြီး ပြောင်ကျကျ ဦးတည်ဆန့်ကျင် တိုက်ခိုက်သွားရေးဟာ အကူးအပြောင်းသဘောတောင်းဆိုချက်တွေရဲ့ အနှစ်သာရပဲ ။ အနိမ့်ဆုံး လုပ်ငန်းစဉ်အဟောင်းကို အကူးအပြောင်းလုပ်ငန်းစဉ်နဲ့အစားထိုးလိုက်ပြီ။ အကူးအပြောင်းလုပ်ငန်းစဉ်ရဲ့ တာဝန်က ပစ္စည်းမဲ့တော်လှန်ရေးအတွက် လူထုကို စနစ်တကျ လှုံ့ဆော်စည်းရုံးထားဖို့ ဖြစ်တယ်။

## ကုန်စျေးနှုန်းတက်တာနဲ့အမျှ လုပ်ခလစာ တပြေးညီ လိုက်တိုးရေး၊ အလုပ်အကိုင်ရရှိသူ တိုးပွားလာတာနဲ့အမျှ အလုပ်သမား တဦးချင်းရဲ့ အလုပ်ချိန် လျှော့ချသွားရေး

အရင်းရှင်စနစ် ပြိုကွဲနေတဲ့ အခြေအနေအောက်မှာအဖိနှိပ်ခံလူထုက မသေရုံတမယ် အသက်ဆက်နေရတယ်၊ ငတ်မွတ်ခေါင်းပါးခြင်း တွင်းနက်ထဲ ကန်ချခံရမယ့် အန္တရာယ်ကို ခါတိုင်းထက် ပိုရင်ဆိုင်နေရတယ်။ စားဝတ်နေရေး ပိုတိုးတက်ဖို့ မလုပ်နိုင်ဦးတော့၊ ပါးစပ်ထဲက ထမင်းလုတ် ပြုတ်မကျအောင် ခုခံကာကွယ်ကြရတယ်။လူထုရဲ့ အခိုင်အမာ လက်တွေ့ဘဝကို အခြေခံပြီး အမြဲထွက်ပေါ်နေတဲ့ ဒီတောင်းဆိုချက် တခုချင်းစီကို စာစီပြဖို့ မလိုအပ်တော့ဘူး၊ ဒီစာတမ်းမှာ အဲလိုရေတွက်ပြဖို့လည်း အခွင့်မသာဘူး။

(နိုင်ငံလုံးဆိုင်ရာ လိုလားချက်တွေ၊ ဒေသအလိုက် တောင်းဆိုချက်တွေ၊ သမဂ္ဂအလိုက် တောင်းဆိုချက်တွေ။) ဒါပေမ


return to contents

ယ့် အရင်းရှင်စနစ် ဗရမ်းဗတာ ဖြစ်မှု ပိုမိုဆိုးရွားလာခြင်းကို ခြုံငုံဖော်ထုတ်ထားတဲ့ စီးပွားရေးဘဂ ဖိစီးနှိပ်စက်မှု နှစ်ချက်ရှိတယ်။ အလုပ်လက်မဲ့ တိုးပွားလာခြင်းနဲ့ ကုန်ဈေးနှုန်း ထိုးတက်နေခြင်းတို့ပဲဖြစ်တယ်။ ဒီစီးပွားရေးဘဝ ဖိစီးနှိပ်စက်မှုတွေကို ကိုင်တွယ်ဖို့ရာ ယေဘုယျ ခြုံငုံမိတဲ့ ကြွေးကြော်သံတွေ၊ တိုက်ပွဲနည်းနာတွေ လိုအပ်လာတယ်။

စတုတ္ထ အင်တာနေရှင်နယ်ဟာ အရင်းရှင်တွေရဲ့ နိုင်ငံရေးကို မစေ့စပ်တမ်းစစ်ကြေညာတယ်။ အရင်းရှင်တွေရဲ့ နိုင်ငံရေးဟာလည်း သင်းတို့လက်ပါးစေ ပြုပြင်ရေးဝါဒီတွေရဲ့ နိုင်ငံရေးလိုပဲ စစ်ဝါဒ၊ စီးပွားရေး အကြပ်အတည်း၊ ငွေကြေးစနစ် ပြိုကွဲခြင်းနဲ့ အရင်းရှင်စနစ် သေကောင်းပေါင်းလဲဖြစ်ခြင်းကနေ ထွက်ပေါ်လာသမျှ အနာရောဂါ အားလုံးကို သွေးစုပ်ခံ နင်းပြားလူထုအပေါ် ပုံပေးဖို့ ရည်ရွယ်တယ်။ လူထုတရပ်လုံး အလုပ်အကိုင် ရရှိရေး၊ ကောင်းမွန်တဲ့ လူနေမှုဘဂ အခြေအနေတွေ ဖန်တီးပေးရေးကို စတုတ္ထ အင်တာနေရှင်နယ်က တောင်းဆို ထားတယ်။

ငွေကြေးဖောင်းပွမှုရော၊ တည်ငြိမ်မှုရော နှစ်ခုလုံးဟာ ပစ္စည်းမဲ့ လူတန်းစားရဲ့ တိုက်ပွဲဂင် ကြွေးကြော်သံ မဖြစ်နိုင်ဘူး။ ဒီနှစ်ခုလုံးဟာ ဒင်္ဂါးတပြားရဲ့ ခေါင်းနဲ့ ပန်း ဖြစ်နေလို့ပဲ။ (ဒုတိယကမ္ဘာ)စစ် ဖြစ်ဖို့နီးလာတာနဲ့အမျှ မိုးထိ ထောင်တက်နေတဲ့ ကုန်ဈေးနှုန်းတွေဟာ ပြန်ကျမယ့် လက္ခဏာ မရှိဘူး၊ ဒီလို အခြေအနေမှာ ကုန်ဈေးနှုန်း တက်တာနဲ့ လုပ်ခလစာကိုလည်း တပြေးညီ လိုက်တိုးပေးရေး ကြွေးကြော်သံကို ကိုင်စွဲ တိုက်ပွဲဂင်ရမယ်။ စားသုံး ကုန်ပစ္စည်း ဈေးနှုန်းတွေ တက်လာတာနဲ့အမျှ လုပ်ခလစာ အော်တို တိုးပေးဖို့ အာမခံချက် ရှိထားရမယ်။

ပြိုကွဲပျက်စီးသွားမယ့် အန္တရာယ် ခြိမ်းခြောက်ခံနေရတဲ့ အခြေအနေမှာ အလုပ်သမားတွေတစထက်တစ အလုပ်လက်မဲ့ဘဝ ကျရောက်ပြီး ငတ်မွတ်ပျက်စီးမယ့်အဖြစ်ကိုလက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ သွေးစုပ်ခြယ်လှယ်မှု အပေါ် အခြေတည်


return to contents

ထားတဲ့ လူ့အဖွဲ့အစည်းအတွင်းက အလုပ်သမား လူတန်းစားအဖို့ ကျန်နေသေးတဲ့ အရေးကြီး အခွင့်အရေးဆိုလို့ အလုပ်အကိုင် ရပိုင်ခွင့်ပဲ ရှိတယ်။ ဒီကနေ့အချိန်မှာ အဲဒီအခွင့်အရေးကို အလုပ်သမားဆီကနေ ဖြတ်တောက်ပစ်နေကြပြီ။ စနစ်အခြေခံအရ၊ ရှောင်တခင် အကြောင်းအချက်တွေအရ အလုပ်လက်မဲ့တွေ တိုးပွားလာခြင်းကို တိုက်ဖျက်ဖို့ *အများပြည်သူဆိုင်ရာ အလုပ်တွေ ဖန်တီးပေးရေး* ကြွေးကြော်သံ ဖော်ထုတ်ရမယ်၊ ဒီအချက်နဲ့အတူ *အလုပ်အကိုင်ရရှိသူ တိုးပွားလာတာနဲ့အမျှ အလုပ်သမား တဦးချင်းရဲ့ အလုပ်ချိန် လျှော့ချသွားရေး* ကို တောင်းဆိုကြရမယ်။ အလုပ်သမားသမဂ္ဂတွေနဲ့ တခြားလူထု အဖွဲ့အစည်းတွေက အလုပ်သမားတွေနဲ့ အလုပ်လက်မဲ့ ဖြစ်နေသူတွေကို အပြန်အလှန် ဖေးမကူညီရင်း သွေးစည်းမှု တည်ဆောက်ပေးရမယ် ။ ဒီလို စုစည်းမှု အခြေခံကနေ လက်ငင်းလုပ်ကိုင်နေတဲ့ အလုပ်တွေကို တပတ်အလုပ်ချိန် သတ်မှတ်ချက်နဲ့အညီ လက်ရှိ အလုပ်သမားတွေကြား ခွဲဝေလုပ်ကိုင်စေရမယ်။ အလုပ်သမားတိုင်းရဲ့ ပျမ်းမျှလုပ်ခဟာ အတူတူပဲ ဖြစ်နေမယ်။ မဖြစ်မနေ ပေးကိုပေးရမယ့် *လုပ်ခလစာဟာ ကုန်ဈေးနှုန်း ထိုးတက်ခြင်းနဲ့ ဆတူလိုက်တက်ရမယ်။* ဒီကနေ့ ခေတ်ပျက်ကြီးမှာ တခြား လုပ်ငန်းစဉ်မျိုးကို လက်ခံဖို့ မဖြစ်နိုင်ဘူး။

အရင်းရှင်တွေနဲ့ သင်းတို့ရဲ့ ရှေ့နေတွေကတော့ ဒီတောင်းဆိုချက်တွေဟာ လက်တွေ့မဖြစ်နိုင်ကြောင်း သက်သေထူပြလိမ့်မယ်။ စီးပွားပျက်သွားတဲ့ အရင်းရှင်ပေါက်စတွေကတော့ သူတို့ရဲ့ငွေစာရင်းတွေကို လက်ညှိုးထိုး ပြကြလိမ့်မယ်။ အလုပ်သမားထုကတော့ ဒီလိုကောက်ချက်မျိုးတွေကို ပြတ်ပြတ်သားသား ရှုတ်ချဝေဖန်တယ်။ ပြဿနာက အကျိုးစီးပွား မတူသူတွေကြား သာမန်ပွတ်တိုက်မှုတခု မဟုတ်ဘူး။ ပစ္စည်းမဲ့ လူတန်းစား ယိုယွင်း ပျက်စီး ဆုံးပါးမသွားအောင် ကာကွယ်ရတဲ့ အခြေအနေ ဖြစ်တယ်။ သမိုင်းကို ဖန်တီးနိုင်ပြီး တိုးတက်တဲ့ တခုတည်းသော လူတန်းစားရဲ့သေရေး ရှင်ရေး ပြဿနာဖြစ်တယ်။ ဒီ



return to contents

လူတန်းစားရဲ့ သေရေးရှင်ရေး ပြဿနာ ဟာ လူသားအနာဂတ်ရဲ့ သေရေး ရှင်ရေး ပြဿနာပဲ။အရင်းရှင်စနစ်ကြောင့်ဖြစ် ပေါ်လာရတဲ့ပျက်စီးယိုယွင်းမှုအထွေထွေ ကနေ မလွဲမသွေထွက်ပေါ်လာရတဲ့ တောင်းဆိုချက်တွေကိုအရင်းရှင်စနစ် က ပြေလည်အောင် ဖြေရှင်း ပေးနိုင် စွမ်းမရှိရင် အဲဒီစနစ်မျိုးကို ပျက်သုဉ်း ခွင့်ပေးလိုက်ပါ။ "လက်တွေ့ကျခြင်း "/ "လက်တွေ့မကျခြင်း"ဟာအင်အား အချိုးအစား ပြဿနာတခုပဲ၊ ဒါကို လူတန်းစား တိုက်ပွဲကပဲအဆုံးအဖြတ် ပေးနိုင်တယ်။ လတ်ငင်းလက်တွေ့ အောင်မြင်မှုတွေ ကြီးကြီးသေးသေး အရေးမကြီးပါဘူး။ အရေးကြီး တာက အလုပ်သမား လူတန်းစားဟာ လူတန်းစား တိုက်ပွဲဝင်ရင်း အရင်းရှင် ကျွန်စနစ် ဖျက်သိမ်းရေး လိုအပ်ချက်ကို အရှင်းလင်းဆုံး နားလည်လာ လိမ့်မယ်။

လင်းလက် ဘာသာပြန်ပြီးသမျှ ဖော်ပြ ထားပါတယ်။

(နောက်လမှာ ဆက်လက်ဖော်ပြသွားပါ မယ်။)

ထရော့စကီးရဲ့ ဂန္တဝင်မြောက် လက်ရာကို အစအဆုံး ဖတ်လိုရင် ဒီလင့်ခ် ကနေဝင်ဖတ် နိုင်ပါတယ်။

https://www.marxist.com/classics-the-transitional-program.htm



return to contents

# အောက်တိုဘာ တော်လှန်ရေးကို ခုခံကာကွယ်ခြင်း - အပိုင်း ၂



## လယ်သမားထု

မြေယာ ပြဿနာဟာ တော်လှန်ရေးရဲ့ မြေအောက်လွှာ ဖြစ်ခဲ့တယ်။ ခေတ်ဟောင်း ပဒေသရာဇ် သက်ဦးဆံပိုင် ဘုရင်စနစ်ဟာ အသစ်ပေါ်ထွန်းလာတဲ့ အရင်းရှင်စနစ် သွေးစုပ်ခြယ်လှယ်မှု အခြေအနေတွေအောက်မှာဘယ်လိုမှ ထမ်းပိုးထားလို့ မရတော့တဲ့အခြေဆိုက်လာခဲ့တယ်။ လယ်သမားတွေ လုပ်ကိုင်စားသောက်ခွင့်ရှိတဲ့ ကွန်မြူး မြေရေိယာအကျယ်အဝန်းဟာ ဒက်ဆီယာတင်း သန်း ၁၄၀ လောက်ပဲ ရှိခဲ့တယ်။ ဒါပေမယ့် ဦးရေ ၃၀၀၀၀လောက်ရှိတဲ့ မြေရှင်ကြီးတွေကတော့မြေရေိယာအကျယ်အဝန်း ဒက်ဆီယာတင်း၇သန်းလောက် ပိုင်ဆိုင်နေကြတယ်။ သဘောက လယ်သမား၁၀သန်း



return to contents

လုပ်ကိုင်စားသောက်နိုင်တဲ့ မြေ ဧရိယာအကျယ်အဝန်းကို မြေရှင်ကြီး ၃၀၀၀၀လောက်က ပိုင်ဆိုင်ထားခြင်း ဖြစ်တယ်။ အဲဒီစာရင်းအင်းတွေက လယ်သမား သူပုန်ထခြင်း လုပ်ငန်းစဉ်တခုကိုအဆင်သင့်ပြင်ပေးထားလိုက်တာပဲ။

သူကောင်းမျိုးအနွယ် ဘိုကိုရင်က မြူနီစီပယ် ဒူးမားဥက္ကဋ္ဌဆီကို ၁၉၁၇ခုနှစ်မှာ စာရေးခဲ့ဖူးတယ် - "ကျနော်ဟာမြေရှင်တစ်ဦးဖြစ်တယ်၊ ကျနော်ပိုင်ဆိုင်တဲ့ မြေယာတွေ ဆုံးရှုံးသွားရမယ်ဆိုတဲ့ အတွေးမျိုး ခေါင်းထဲတောင် အရောက်မခံနိုင်ဘူး။ ယုံနိုင်စရာမရှိတဲ့ ရည်ရွယ်ချက်တခုအတွက်၊ ဆိုရှယ်လစ်ဒေသနာကို စမ်းသပ်ကြည့်ဖို့အတွက် ဒီလိုအတွေးမျိုး ခေါင်းထဲအရောက်မခံနိုင်ဘူး။" ဒါပေမယ့် အုပ်စိုးသူ လူတန်းစားတွေ သူတို့ခေါင်းထဲ အရောက်မခံနိုင်တဲ့အရာတွေကို အကောင်အထည်ဖော်ရတာကိုက တော်လှန်ရေးတွေရဲ့ တာဝန်မဟုတ်ပါလား။

၁၉၁၇ ဆောင်းဦးကာလမှာ ရုရှားတပြည်လုံးနီးပါး လယ်သမား သူပုန်ထမှုတွေ တဟုန်းဟုန်းပဲ။ ခေတ်ဟောင်းရုရှားရဲ့ ဌာနကြီး ၆၄၂ ခုအနက် ၄၈၂ ဌာန (၇၇%)ကို လူထု လှုပ်ရှားမှုကြီးတွေက လွှမ်းမိုးရိုက်ခတ်သွားခဲ့တယ်။ တော်လှန်မီး တောက်ညီးနေတဲ့ ကျေးလက်ဒေသတွေက ရောင်ပြန်ဟပ်အလင်းဟာ သူပုန်ထ မြို့ပြဒေသတွေကို လင်းထင်းသွားစေခဲ့တယ်။ သို့သော်လည်း ခင်ဗျားကအခုလိုငြင်းချက်ထုတ်နိုင်တယ်- မြေရှင်ကြီးတွေကို ဆန့်ကျင်တော်လှန်တဲ့ လယ်သမား စစ်ပွဲဆိုတာဘူဇွာတော်လှန်ရေးရဲ့ စံတော်ဝင်ဝိသေသတစ်ခုသာ ဖြစ်တယ်၊ ပစ္စည်းမဲ့တော်လှန်ရေး လုံးဝမဟုတ်ဘူးလို့။

လုံးဝ မှန်ပါတယ်လို့ ကျနော် ပြန်ပြောမှာပဲ၊ အတိတ်တုန်းက အဲဒီလို ဖြစ်ခဲ့တာပဲ။ ဒါပေမယ့် သမိုင်းဖွံ့ဖြိုးမှုအရနောက်ကောက်ကျနေတဲ့ တိုင်းပြည်တစ်ခုမှာ အရင်းရှင်စနစ် ရှင်သန်ကြီးထွားနိုင်စွမ်း မရှိခြင်းကို ဟောဒီအချက်မှာ အတိအလင်း ဖွင့်ထုတ်ပြထားတယ်


return to contents

- လယ်သမား သူပုန်ထမှုတွေဟာရုရှား ဘူဇွာ လူတန်းစားကို ရှေ့တိုးတော်လှန်လာအောင် တွန်းမပို့ခဲ့ဘူး၊ဆန့်ကျင်ဖက် အနေနဲ့ ဘူဇွာလူတန်းစားကို ဖောက်ပြန်တဲ့ဘက်ဆီပဲ နောက်ပြန်ခေါက်သွားစေခဲ့တယ်။ လယ်သမားထုအနေနဲ့ အလုံးစုံ မပျက်သုဉ်းလိုဘူးဆိုရင် စက်မှုအလုပ်သမား လူတန်းစားနဲ့ လက်တွဲလိုက်ဖို့သာ ရှိတော့တယ်။ အဲဒီအဖိနှိပ်လူတန်းစားကြီးနှစ်ရပ် အတူလက်တွဲတော်လှန်ရေးကို ဉာဏ်အမြော်အမြင်ကြီးမားတဲ့ လီနင်ကကြိုမြင်နိုင်ခဲ့တယ်၊ ဒီအတွက်လည်းတော်လှန်ရေးမဖြစ်ခင်ဟိုးအရင်ကတည်းက လီနင် ကြိုပြင်ခဲ့တယ်။

ဘူဇွာလူတန်းစားကသာ မြေယာပြဿနာကို သတ္တိရှိရှိ ကိုင်တွယ်ဖြေရှင်းခဲ့တယ်ဆိုရင် ၁၉၁၇ မှာ ရုရှားပစ္စည်းမဲ့ လူတန်းစားက အာဏာသိမ်းနိုင်ခဲ့မှာ မဟုတ်ဘူး။ ဒါပေမယ့် သမိုင်းစင်မြင့်ပေါ်ကို အလွန်တရာ နောက်ကျပြီးမှ ရောက်ရှိလာတဲ့ ရုရှား ဘူဇွာတွေဟာ အလိုရမ္မက်ကြီးပြီး သတ္တိနည်းတယ်၊ သမိုင်းဇာတ်ခုံပေါ် အလွန်တရာ နောက်ကျပြီးမှ ရောက်လာရတော့ စောစောစီးစီး အိုမင်းရင့်ရော်မှုရဲ့ သားကောင်ဖြစ်ရတယ်။ ဒီလိုဖြစ်နေတဲ့ ဘူဇွာတွေဟာ ပဒေသရာဇ် မြေရှင်ကြီးတွေကို လက်ညှိုးတချက်တောင် မထိုးရဲဘူး။ ဒါတွေကြောင့်ပဲ ပစ္စည်းမဲ့ လူတန်းစားကို အာဏာနှင်းအပ်ခဲ့တယ် ၊ဘူဇွာ လူ့အဖွဲ့အစည်းရဲ့ ကြမ္မာတခုလုံး စီရင်ခြယ်လှယ်ခွင့်ကိုပါ နှင်းအပ်ခဲ့တယ်။

ဆိုဗီယက် နိုင်ငံတော် တည်ရှိလာနိုင်အောင် သမိုင်းဆိုင်ရာ သဘာဝချင်းခြားနားတဲ့ အကြောင်းအချက် နှစ်ခုပေါင်းဆုံမိဖို့ လိုအပ်ခဲ့တယ်။ အဲဒီနှစ်ချက်ကတော့ ၁) ဘူဇွာ ဖွံ့ဖြိုးမှု အရဏ်ဦးရဲ့ ဝိသေသဖြစ်သော လယ်သမား စစ်ပွဲ နဲ့ ၂) ဘူဇွာ လုပ်ရှားမှု ကျဆုံးခန်းကို ကြေညာလိုက်တဲ့ ပစ္စည်းမဲ့ အုံကြွမှုပဲ။ ဒီနေရာမှာ ရုရှား တော်လှန်ရေး ရဲ့ *ပေါင်းစပ်ဖွံ့ဖြိုးခြင်း ဝိသေသ*ကို တွေ့ရမယ်။

ဝက်ဝံကို (လယ်သမားထုကို ရည်ညွှန်း) သူ့နောက်ခြေပေါ် ရပ်ခွင့်ပေးလိုက်တာနဲ့ ဒေါသပုန်ထလာမယ်



return to contents

။ ဒါပေမယ့် ခံပြင်းဒေါသထွက်မှုကို သိစိတ်ရှိရှိ ထုတ်ဖော်ပြနိုင်စွမ်း မရှိဘူး။ ဒီလို လုပ်ပေးနိုင်ဖို့ ခေါင်းဆောင် လိုအပ်တယ်။ သူပုန်ထ လယ်သမားတွေဟာ ကမ္ဘာ့သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ပစ္စည်းမဲ့ လူတန်းစားဆိုတဲ့ သစ္စာရှိ ခေါင်းဆောင်ကို တွေ့ရှိသွားခဲ့တယ်။

စက်ရုံကြီးတွေနဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေက လေးသန်းသော အလုပ်သမားတွေဟာ သန်းတစ်ရာကျော် လယ်သမားထုကို ခေါင်းဆောင်သွားခဲ့တယ်။ ဒါဟာ တော်လှန်ရေးအတွင်း ပစ္စည်းမဲ့ လူတန်းစားနဲ့ လယ်သမားထုကြား သဘာဝကျကျ မလွဲမသွေ ထွက်ပေါ်လာခဲ့တဲ့ အပြန်အလှန် ဆက်နွှယ်မှု ဖြစ်ခဲ့တယ်။

## လူမျိုးစု ပြဿနာ

ပစ္စည်းမဲ့ လူတန်းစားရဲ့ တော်လှန်ရေး စွမ်းအင်တွေ သိုမှီးထားတဲ့ ဒုတိယ အင်အားစုက အဖိနှိပ်ခံ လူမျိုးစုတွေပဲ။ အဖိနှိပ်ခံ လူမျိုးစုတွေထဲမှာ အများတကာ့ အများစုကြီးကလယ်သမားထု ဖြစ်နေပြန်တယ်။ ရုရှားနိုင်ငံရဲ့ သမိုင်းဆိုင်ရာ နောက်ကောက်ကျမှုနဲ့အတူ တပူးတည်းတွဲပါလာတာက နိုင်ငံတော်ရဲ့ အလွန်အမင်း ဖြန့်ကျက်အုပ်စိုးမှု ဝိသေသ ဖြစ်ပါတယ်။ မော်စကိုဆိုတဲ့ ဗဟိုချက်ကနေ ဘေးအနားသတ်တွေဆီ ဖြန့်ထွက်သွားတဲ့ အမဲဆီစက်ကြီးလို ဖြန့်ထွက် အုပ်စိုးနေတယ်။ အရှေ့ဘက်အခြမ်းမှာ သူ့ထက်ပိုနောက်ကောက်ကျနေဆဲ လူမျိုးစုတွေကို လက်အောက်ခံအဖြစ် သွတ်သွင်းအုပ်ချုပ်တယ်။ ဒီအပေါ် ခြေကုပ်ယူပြီး အနောက်ဘက်တကျောက ပိုပြီးဖွံ့ဖြိုးတဲ့ လူမျိုးစုတွေကို လည်မျိုညှစ် စိုးမိုးတယ်။ မဟာရုရှား လူမျိုး သန်း ၇၀ က လူဦးရေရဲ့ အဓိက အုပ်စုကြီး ဖြစ်နေပြီး တခြား လူမျိုးစုအားလုံး စုစုပေါင်း သန်း ၉၀ နဲ့ ထပ်ပေါင်းထားတယ်။

ဒီလိုနည်းနဲ့ အင်ပိုင်ယာကြီး ထွက်ပေါ်လာခဲ့တယ်။ အင်ပိုင်ယာထဲမှာ အုပ်စိုးသူ လူမျိုးစုက လူဦးရေရဲ့ ၄၃% သာ ရှိခဲ့တယ်၊ ကျန် ၅၇% မှာ ယဥ်ကျေးမှု အဆင့်အတန်း နဲ့ ဥပဒေ အကာအကွယ်



return to contents

ကင်းမဲ့မှု အတိုင်းအဆ အမျိုးမျိုး ကွဲပြားနေတဲ့ လူမျိုးစု အသီးသီး ပါဝင်နေတယ်။ လူမျိုးစု ပြဿနာ ဖိအားဟာ အိမ်နီးချင်း တိုင်းပြည်တွေမှာထက် မယှဉ်သာအောင် ကြမ်းတမ်းလှပါတယ်။ ဒီအခြေအနေဟာ လူမျိုးစု ပြဿနာကို ပေါက်ကွဲအား အလွန်ကြီးမားတဲ့ အင်အားစုကြီးတစ်ခု ဖြစ်စေခဲ့တယ်။

ရုရှား လစ်ဘရယ် ဘူဇွာတွေဟာ လူမျိုးစု ပြဿနာမှာပဲဖြစ်ဖြစ်၊ လယ်ယာမြေပြဿနာမှာပဲဖြစ်ဖြစ် ဖိနှိပ်မှုနဲ့ အကြမ်းဖက်မှု မဆိုစလောက် လျော့ပါးရုံပဲ လုပ်လိုကြတယ်၊ ဒီထက်ပိုပြီး ဖြေရှင်းလိုခြင်း မရှိခဲ့ဘူး။ မဟာရုရှား ဘူဇွာ လူတန်းစားနဲ့ဗျူရိုကရေစီရဲ့အကျိုးစီးပွားတွေကို ထင်ဟပ်နေတဲ့ မီလျူကော့(ဗ်)* နဲ့ ကရင်စကီးတို့ရဲ့ "ဒီမိုကရက်တစ်" အစိုးရတွေဟာ သူတို့တည်ရှိခဲ့တဲ့ ရှစ်လတာအတွင်း အဖိနှိပ်ခံ လူမျိုးစုတွေ စိတ်ထဲ အခုလို စွဲထင်ကျန်ခဲ့အောင် လုပ်သွားခဲ့ကြတယ် - "အင်အားသုံးပြီး ယူနိုင်သလောက် ခင်ဗျားတို့ရလိမ့်မယ်"။

*Miliukov, Paul (၁၈၅၉ - ၁၉၄၃)။ ။ ရုရှားက အရင်းရှင် ကေဒက်ပါတီ ခေါင်းဆောင်။ ၁၉၁၇ မေလအထိ နိုင်ငံခြားရေး ဝန်ကြီး လုပ်ခဲ့။

ခွဲထွက်လိုတဲ့ လူမျိုးစု လှုပ်ရှားမှုတွေ မလွှဲမသွေ ဖြစ်ပေါ်လာမယ့်အချက်ကို ခပ်စောစော ကတည်းက လီနင် အလေးအနက် စဉ်းစားခဲ့တယ်။ ဘော်ရှီဗစ်ပါတီက လူမျိုးစုတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ခွဲထွက်ပြီး သီးခြားနိုင်ငံ ထူထောင်ခွင့်) အတွက် နှစ်ပေါင်းများစွာ ပြတ်ပြတ်သားသား တိုက်ပွဲဝင်ခဲ့တယ်။ လူမျိုးစု ပြဿနာအပေါ် ဒီလို ရဲရင့်ပြတ်သားတဲ့ ရပ်တည်ချက်ကြောင့်ပဲ ရုရှား ပစ္စည်းမဲ့ လူတန်းစားက အဖိနှိပ်ခံ လူမျိုးစု ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို တဖြည်းဖြည်းချင်း သိမ်းယူနိုင်ခဲ့တယ်။လူမျိုးစုတွေရဲ့ လွတ်မြောက်ရေး လှုပ်ရှားမှုနဲ့ မြေယာလှုပ်ရှားမှုတွေဟာ ဘူဇွာ ဒီမိုကရက်တွေကို ဆန့်ကျင်လာပြီး ပစ္စည်းမဲ့ လူတန်းစားကို အားကောင်းစေခဲ့တယ်၊ အောက်တိုဘာ အုံကြွမှုရေစီးထဲ အားသွန်ခွန်စိုက် ပါဝင်ခဲ့ကြတယ်။



return to contents

# စဉ်ဆက်မပြတ် တော်လှန်ရေး (The permanent revolution)

သမိုင်းဖွံ့ဖြိုးမှု နောက်ကောက်ကျနေဆဲ တိုင်းပြည်တစ်ခုမှာ ပစ္စည်းမဲ့တော်လှန်ရေး ဘာ့ကြောင့် အောင်ပွဲရခဲ့သလဲ ဆိုတဲ့ နားလည်ရခက်တဲ့ ပဟေဠိကို အပေါ်မှာ ရှင်းပြခဲ့တဲ့ နည်းလမ်းတွေနဲ့ အဖြေထုတ်ပေးနိုင်တယ်။ အရေးတော်ပုံကြီး မဖြစ်ခင် အစောပိုင်းနှစ်တွေကတည်းက တော်လှန်ရေးဖြစ်ပေါ်မယ့်လမ်းကြောင်းနဲ့ ငယ်ရွယ်ပျိုမြစ်ဆဲ ရုရှား ပစ္စည်းမဲ့ လူတန်းစားရဲ့ သမိုင်းဆိုင်ရာ အခန်းကဏ္ဍကို မာ့(က်စ်)ဝါဒီ တော်လှန်ရေးသမားတွေ ကြိုတင်သုံးသပ်ခဲ့ကြတယ်။ ၁၉၀၅ ခုနှစ်မှာ ကျနော်ရေးခဲ့တဲ့ လက်ရာတစ်ခုထဲက စာပိုဒ်တပိုဒ်ကို ထပ်ပြီးကိုးကားပါရစေ -

"ပစ္စည်းမဲ့ လူတန်းစားက ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်ထက်ပိုစောပြီး စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှု နောက်ကောက်ကျနေဆဲ တိုင်းပြည်တစ်ခုမှာ အရင် အာဏာရနိုင်တယ်။

"ပစ္စည်းမဲ့ လူတန်းစားလက်ထဲ အာဏာလွှဲပေးနိုင်မယ့်(အောင်မြင်တဲ့ တော်လှန်ရေးတရပ်ဆိုရင် မဖြစ်မနေ လွှဲပေးရမယ့်) အခြေအနေတွေကို ရုရှား တော်လှန်ရေးက ဖန်တီးပေးထားတယ်၊ ဘူဇွာ လစ်ဘရယ်ဝါဒပေါ်လစီမှာ သူ့အုပ်စိုးမှု အစွမ်းအစကို လက်ကုန်ထုတ်ပြနိုင်တဲ့ အခွင့်အလမ်း မရလိုက်ခင်ကတည်းက ဒီအခြေအနေတွေ ဖန်တီးပေးခဲ့ပြီး ဖြစ်တယ်။

"လယ်သမားထုရဲ့ အခြေခံအကျဆုံး တော်လှန်ရေး အကျိုးစီးပွားကို တော်လှန်ရေး တခုလုံးရဲ့ ကြမ္မာနဲ့တွဲနှောင် ထားတယ်၊ သဘောကပစ္စည်းမဲ့ လူတန်းစားရဲ့ ကြမ္မာနဲ့ ပူးချည်ထားတယ်။ ပစ္စည်းမဲ့ လူတန်းစားက အာဏာသိမ်း ယူလိုက်တယ်ဆိုရင်ပဲ လယ်သမားထုရဲ့ ရှေ့မှောက်မှာ လွတ်မြောက်ရေး ဖောင်ဆောင်သူ လူတန်းစားအဖြစ် ပေါ်လာလိမ့်မယ်။

"ပစ္စည်းမဲ့ လူတန်းစားက ပြည်သူတရပ်လုံးရဲ့ တော်လှန်ရေး ကိုယ်စားလှယ်



return to contents

အဖြစ်နဲ့ အစိုးရ ဖြစ်လာမယ်၊ သက်ဦးဆံပိုင် ဘုရင်စနစ်နဲ့ မြေကျွန်စနစ်ကို ဆန့်ကျင်တိုက်ဖျက်ရာမှာလူထုတရပ်လုံးက အသိအမှတ်ပြုထားတဲ့ တပ်ဦး အနေနဲ့ အစိုးရဖြစ်လာမယ်။

"ပစ္စည်းမဲ့ အစိုးရဟာ စပေါ်လာကတည်းက မြေယာပြဿနာ ဖြေရှင်းရေးကို အခိုင်အမာ ရပ်တည်သွားလိမ့်မယ်၊ ဒီပြဿနာဟာ ရုရှားပြည်က အများတကာ့ အများစုသော လူထုကြီးရဲ့ ကြမ္မာနဲ့ သက်ဆိုင်နေတယ်။"

ဒီကနေ့ ကျနော်တင်ပြနေတဲ့ အောက်တိုဘာ တော်လှန်ရေး သီအိုရီဟာ အရေးတော်ပုံပြီးမှ ဖြစ်ရပ်တွေနဲ့ အံ့ဝင်အောင် ပြန်တည်ဆောက်ထားတာ မဟုတ်ကြောင်း ထင်ရှားစေချင်လို့ ဒီစာပိုဒ်တွေကို အကျယ်တဝင့် ပြန်ကိုးကား လိုက်တာပါ။ အောက်တိုဘာ အုံ့ကြွမှုမတိုင်ခင် နှစ်ပေါင်းများစွာကတည်းက နိုင်ငံရေး သုံးသပ်ချက်အနေနဲ့ ဖော်ထုတ်ထားခဲ့ခြင်း ဖြစ်ပါတယ်။ သီအိုရီတစ်ခုက ရှေ့လာမယ့် ဖြစ်ပေါ်တိုးတက်မှုတွေကို ကြိုမြင်နိုင်အောင် လမ်းပြပေးနိုင်မယ်၊ အဲဒီဖြစ်ပေါ်တိုးတက်မှုတွေကိုရည်ရွယ်ချက်အတိုင်း လွှမ်းမိုးပေးနိုင်စေမယ်ဆိုရင် တန်းဖိုးရှိတဲ့ သီအိုရီတစ်ခုလို့ ယေဘုယျ ဆိုနိုင်လိမ့်မယ်။ လူမှုသမိုင်း ဦးတည်မှုကို လမ်းပြပေးနိုင်သောလက်နက်တခုအနေနဲ့ မာ့(က်စ်)ဝါဒက တန်းဖိုးဖြတ်လို့မရအောင် အရေးပါနေတာလည်း ဒီအချက်ကြောင့်ပဲလို့ ယေဘုယျသဘော ပြောလို့ရတယ်။ လက်ချာချိန် အကန့်အသတ်ကြောင့် အထက်ပါ ကောက်စာကို အကျယ်တဝင့် ထပ်မရှင်းနိုင်တာ ဝမ်းနည်းပါတယ်။ဒါ့ကြောင့် ၁၉၀၅ က ရေးခဲ့တဲ့ လက်ရာတစ်ခုလုံးကို အကျဉ်းချုပ် ကောက်နုတ်ချက်နဲ့ပဲ ကျေနပ်ရတော့မယ်။

လက်ငင်း တာဝန်တွေအရဆိုရင် ရုရှား တော်လှန်ရေးဟာဘူဇွာ တော်လှန်ရေးတစ်ခု ဖြစ်ပါတယ်။ဒါပေမယ့် ရုရှား ဘူဇွာ လူတန်းစားဟာ တော်လှန်ရေးနဲ့ ဖီလာဆန့်ကျင်ဖြစ်တယ်။ ဒါ့ကြောင့် တော်လှန်ရေး အောင်ပွဲဟာ ပစ္စည်းမဲ့ လူတန်းစားရဲ့ အောင်ပွဲအနေနဲ့



return to contents

ပဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် အောင်ပွဲဆင်လာတဲ့ ပစ္စည်းမဲ့ လူတန်းစားဟာ ဘူဇွာ ဒီမိုကရေစီ လုပ်ငန်းစဉ်မှာတင် ရပ်နေမှာမဟုတ်ဘူး၊ ဆိုရှယ်လစ် လုပ်ငန်းစဉ်အထိ ဆက်သွားလိမ့်မယ်။ ရုရှား တော်လှန်ရေးဟာ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးရဲ့ ပထမခြေလှမ်း ဖြစ်လာလိမ့်မယ်။

ဒါဟာ ၁၉၀၅ခုနှစ်တုန်းက ကျနော် ဖော်ထုတ်ခဲ့တဲ့စဉ်ဆက်မပြတ် တော်လှန်ရေးသီအိုရီဖြစ်ပါတယ်၊ အဲဒီအချိန်ကစလို့ "ထရော့စကီးဝါဒ" ခေါင်းစဉ်တပ်ပြီးအပြင်းထန်ဆုံး ဝေဖန်ခံခဲ့ရတယ်။

ဒီထက်ပိုပြီးတိကျအောင်ပြောရရင်ဒါဟာ အဲဒီသီအိုရီရဲ့ အပိုင်းတခုပဲ ဖြစ်ပါတယ်၊ ကျန်တဲ့ မျက်နှာစာ တခြမ်း ရှိသေးတယ်။ ဒီကနေ့ကာလနဲ့ ပိုဟပ်မိတဲ့ အပိုင်းလည်း ဖြစ်တယ်။ ဘယ်လိုပြောလဲဆိုတော့ - လက်ရှိ ကုန်ထုတ်စွမ်းအားစုတွေဟာ အမျိုးသားနိုင်ငံတော်ရဲ့ ကန့်သတ်ချက်တွေကို ကျော်လွန်ကြီးထွားသွားခဲ့ပြီ။ အမျိုးသားနိုင်ငံတော် ဘောင်ထဲကနေ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်လို့ မရနိုင်ဘူး။ သီးခြားဖြစ်နေတဲ့ အလုပ်သမား နိုင်ငံတော်တခုမှာ စီးပွားရေး တိုးတက်မှုတွေ ဘယ့်လောက်ပဲ ကြီးမားပါစေ "တိုင်းပြည် တစ်ခုထဲ ဆိုရှယ်လစ်စနစ် တည်ဆောက်ခြင်း" လုပ်ငန်းစဉ်ဟာ စနေရှင်ပေါက်စ စိတ်ကူးယဉ်ဝါဒသာ ဖြစ်တယ်။ ဥရောပ ဆိုရှယ်လစ် သမ္မတနိုင်ငံများ ဖက်ဒရေးရှင်းကနေ ကမ္ဘာ့ဆိုရှယ်လစ် သမ္မတနိုင်ငံများ ဖက်ဒရေးရှင်းအထိ ချီတက်မှသာ ဟာမိုနီကျကျ တိုးတက်ဖွံ့ဖြိုးနိုင်မယ့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်းကို အမှန်တကယ် ထူထောင်နိုင်မယ်။

ဒီကနေ့ အချိန်မှာ လက်တွေ့ဖြစ်ရပ်တွေက မှတ်ကျောက်တင်ပြီးပြီမို့ ဒီသီအိုရီကို ပုံဖျက်စရာ အကြောင်းတရား သိပ်မတွေ့ရတော့ဘူး။

## အောက်တိုဘာတော်လှန်ရေး ဖြစ်ဖို့တင်ကူး လိုအပ်ချက်များ (Pre-requisites for October)

အခုလို ပြောခဲ့ပြီးတဲ့နောက် ဖက်



return to contents

ဆစ်စာရေးဆရာ Malaparte ကို ပြန်အမှတ်ရဖို့ စိတ်ဝင်စားစရာ ကောင်းသေးလား။ ဖက်ဆစ် စာရေးဆရာက ကျနော့်ကို မဟာဗျူဟာနဲ့ ကင်းလွတ်နေတဲ့ နည်းပရိယာယ်တွေ ဖော်စပ်သူလို့ ဆိုထားတယ်၊ အဲဒီနည်းပရိယာယ်တွေက မဟာဗျူဟာနဲ့ ကင်းလွတ်နေတဲ့အပြင် လတ္တီကျူ လောင်ဂျီကျူအားလုံးမှာ အခါခပ်သိမ်း အသုံးတည့်မယ့် သူပုန်ထခြင်းဆိုင်ရာ ဖော်မြူလာတွေလို့လည်း ဆိုထားခဲ့တယ်။ ကံနိုလှတဲ့ အာဏာသိမ်းခြင်း သဘောတရားဆရာရဲ့ နာမည်ကို အောင်အောင်မြင်မြင် အာဏာသိမ်းခဲ့သူနာမည်နဲ့ အလွယ် တကူ ခွဲလို့ရတာ တော်သေးတယ်။ ဘယ်သူမှ Malaparte နဲ့ Bonaparte ကို နာမည် မမှားတော့ဘူး။

၁၉၁၇ နိုဝင်ဘာ ၇ရက်နေ့မှာ လက်နက်ကိုင် သူပုန်ထမှု မလုပ်ခဲ့ရင် ဆိုဗီယက် နိုင်ငံတော်ဆိုတာ ရှိလာမှာ မဟုတ်ဘူး။ ဒါပေမယ့် လက်နက်ကိုင် သူပုန်ထမှုဆိုတာ မိုးပေါ်က သူ့ဘာသာ ကျလာခဲ့တာ မဟုတ်ဘူး။ အောက်တိုဘာ တော်လှန်ရေး ဖြစ်ပေါ်ဖို့ သမိုင်းရေးလိုအပ်ချက်တွေ တသီကြီး ရှိခဲ့တယ်။

•အုပ်စိုးသူလူတန်းစားအဟောင်းများ(ပဒေသရာဇ်သက်ဦးဆံပိုင်လူတန်းစား၊ဗျူရိုကရေစီ)ဖောက်ပြန်ပျက်စီးလာခြင်း၊

•လူထုကြားအမြစ်တွယ်မထားနိုင်သောဘူဇွာလူတန်းစားရဲ့နိုင်ငံရေးဆိုင်ရာအားနည်းမှု၊

•မြေယာပြဿနာရဲ့တော်လှန်ရေးလက္ခဏာ၊

•အဖိနှိပ်ခံလူမျိုးများပြဿနာရဲ့တော်လှန်ရေးလက္ခဏာ၊

•ပစ္စည်းမဲ့လူတန်းစားအပေါ်ကျရောက်နေတဲ့ကြီးမားလှသောသမိုင်းဆိုင်ရာလူမှုတာဝန်များ။

အဲဒီလို နဂိုရှိနေပြီးသား အော်ဂဲနစ်အခြေအနေတွေထဲကိုအင်မတန် အရေးကြီးလှတဲ့ အခြေအနေတွေထပ်ဖြည့် ပေးရဦးမယ် -

- ၁၉၀၅ တော်လှန်ရေးဟာ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ ဘဝကျောင်းတော်ကြီး ဖြစ်ခဲ့တယ်၊ ဒါမှမဟုတ် လီနင် စကားနဲ့ပြောရရင် ၁၉၁၇


return to contents

တော်လှန်ရေးမတိုင်မီ "ရှေ့ပြေး ပွဲစမ်း ကြည့်ခြင်း" ဖြစ်ခဲ့တယ်။ ၁၉၀၅ ခုနှစ်မှာပဲ ပစ္စည်းမဲ့ လုပ်သားလူတန်းစား ညီညွတ်ရေး တပ်ဦးရဲ့ အဖွဲ့အစည်း ပုံသဏ္ဍာန်အဖြစ် ဆိုဗီယက်တွေကို ပထမဆုံးအကြိမ် ဖန်တီးခဲ့ကြတယ်။

- နယ်ချဲ့စစ်ပွဲကြီးက ပဋိပက္ခ အားလုံးကို စူးရှပြင်းထန်စေခဲ့တယ်၊ နောက်ကောက်ကျနေဆဲ လူထုကြီးကို တုံ့ဏှိဘာဝေ အဖြစ်ကနေ ဆွဲရမ်းပစ်လိုက်တယ်၊ ဒါ့ကြောင့် ရှေ့လာမယ့် အင်မတန် ကြီးကျယ်ခမ်းနား သော ဝရုန်းသုန်းကား အခြေအနေကြီးအတွက် တပ်လှန့်ပြင်ဆင်ပေးခဲ့တယ်။

## ဘော်ရှီဗစ်ပါတီ

ဒီအခြေအနေအားလုံးဟာ တော်လှန်ရေး ပေါက်ကွဲထွက်လာဖို့ အပြည့်အဝ လုံလောက်ပေမယ့် တော်လှန်ရေးမှာ အလုပ်သမား လူတန်းစား အောင်ပွဲရရှိဖို့တော့ မလုံလောက်သေးဘူး။ အလုပ်သမား လူတန်းစား အောင်ပွဲဆင်ဖို့ နောက်အခြေအနေတရပ် လိုအပ်သေးတယ်။ အဲဒါကတော့ -

- **ဘော်ရှီဗစ် ပါတီ**

ဒီအခြေအနေကို နောက်ဆုံးမှာ ထားပြောတာဟာ လော့ဂျစ်အစဉ်အတိုင်း ပြောခြင်းသာ ဖြစ်ပါတယ်၊ ပါတီရဲ့ အရေးပါမှုက နောက်ဆုံးရောက်နေလို့ မဟုတ်ပါဘူး။

ကျနော့်အနေနဲ့ တော်လှန်ရေး ပါတီရဲ့ အရေးပါမှုကို အဲ့လို သဘောထားဖို့ အဝေးကြီးပါ။ လစ်ဘရယ် ဘူဇွာတွေက အာဏာကို သိမ်းယူနိုင်တယ်၊ သူတို့မပါခဲ့တဲ့ အရေးတော်ပုံရဲ့ အကျိုးဆက်အနေနဲ့ တကြိမ်မက အာဏာသိမ်းယူ နိုင်တယ်။ သူတို့မှာ အဲလို သိမ်းယူနိုင်မယ့် ကိရိယာ တန်ဆာပလာတွေလည်း ပိုင်ဆိုင်ထားပြီး သား။ ဒါပေမယ့် အလုပ်သမားထုကျ အဲ့လို အနေအထားမှာ မရှိဘူး။ အလုပ်သမားထုဟာ တလျှောက်လုံး အပေးနဲ့သာ ကျွမ်းဝင်ခဲ့တယ်၊ ရယူခြင်းနဲ့ မရင်းနှီးဘူး။ သူတို့ အလုပ်လုပ်တယ်၊ နောက်ဆုံးအချိန် အထိ စိတ်ရှည်သည်းခံတယ်၊ မျှော်လင့်



return to contents

စောင့်စားတယ်၊ ဘယ်လိုမှ သည်းမခံနိုင်တဲ့အဆုံးမှ ရုန်းကြွ၊ တိုက်ပွဲဝင်ကြတယ်၊ အသက်ဆုံးရှုံးကြတယ်၊ အောင်ပွဲကို တခြားလူတန်းစားအတွက် ဆောင်ကျဉ်းပေးတယ်၊ သူတို့သစ္စာဖောက်ခံရတယ်၊ ဝမ်းနည်းစိတ်ပျက်သွားကြတယ်၊ သူတို့ခေါင်းကို ညွတ်ပြီး အလုပ်ပြန်လုပ်ကြတယ်။ အဲဒါ အုပ်စိုးမှုအဆက်ဆက် အလုပ်သမား ဖြတ်သန်းလာတဲ့ သမိုင်းပဲ။ ဒါ့ကြောင့် အလုပ်သမား လူတန်းစားကိုယ်တိုင် အာဏာကို အခိုင်အမာ ရယူနိုင်ဖို့ အလုပ်သမားထုမှာ ပါတီတရပ်လိုအပ်တယ်၊ အဲဒီပါတီက တခြား ပါတီအားလုံးထက် အတွေးအခေါ် ရှင်းလင်းရတယ်၊ တော်လှန်ရေးပိုင်းဖြတ်ချက် ခိုင်မာပြတ်သားရတယ်။

ဘော်ရှီဗစ်ပါတီကို လူသားသမိုင်းတလျှောက် အတော်လှန်ဆုံး ပါတီအဖြစ် တကြိမ်မက ညွှန်းခဲ့ကြပြီးပြီ၊ ဒီလို ပြောကြတာ ကြောင်းကျိုးခိုင်လုံမှု ပြည့်စုံတယ်၊ ဒီပါတီဟာ ခေတ်သစ် ရုရှားသမိုင်းကို ကျစ်ကျစ်လစ်လစ် အသက်သွင်းထားတဲ့ ပါတီတစ်ခု ဖြစ်တယ်။ဒီပါတီရဲ့ဘဝဟာ သက်ဝင်လှုပ်ရှားပြောင်းလဲနေခဲ့တယ်။ ဇာဘုရင်စနစ် ဖြိုချရေးကို စီးပွားရေးနဲ့ ယဉ်ကျေးမှုတွေတိုးတက်ဖွံ့ဖြိုးဖို့ အခြေခံလိုအပ်ချက်အဖြစ် နားလည်ခဲ့ကြတာ ကြာပြီ။ဒါပေမယ့် ဒီအလုပ်ကို ကျေပွန်အောင် လုပ်နိုင်မယ့် အင်အားတွေ မလုံလောက်ခဲ့ဘူး ။ ဘူဇွာလူတန်းစားက တော်လှန်ရေးကို ကြောက်တယ်။ ပညာတတ်အလွှာက လယ်သမားတွေကို ဆော်ဩပြီး ဇာဘုရင်ကို ဖြုတ်ချဖို့ ကြိုးစားခဲ့တယ် ။ ဒါပေမယ့်လည်း သူတို့ရဲ့ ဒုက္ခဆင်းရဲအပေါင်းနဲ့ ရည်မှန်းချက်တွေကို စုပေါင်းနိဂုံးချုပ်နိုင်စွမ်း မရှိတဲ့ လယ်သမားထုဟာ ပညာတတ်အလွှာရဲ့ ဆော်ဩသံကို တုံ့ပြန်ခြင်း မရှိခဲ့ဘူး။ ဒီအခါ ပညာတတ်အလွှာက သူ့ဘာသာ ဒိုင်းနမိုက်တပ်ဆင်တော့တယ်။ လူငယ်မျိုးဆက်တခုလုံး အဲဒီတိုက်ပွဲမှာ စတေးခဲ့ရတယ်။

၁၈၈၇ မတ်လ ၁ရက်နေ့မှာ အလက်ဇန်းဒါး အူလျာနော့ဟာ ခမ်းနားတဲ့အကြမ်းဖက် လုပ်ကြံရေး အစီအမံတွေထဲက နောက်ဆုံး လုပ်ရပ်ကို



return to contents

အကောင်အထည် ဖော်ခဲ့တယ်။ဇာဘုရင် အလန်းဇန်းဒါး ၃ ကို လုပ်ကြံရေးကြိုးပမ်းမှု အရေးနိမ့်သွားခဲ့တယ်။ အူလျာနော့နဲ့ သူ့ရဲဘော်တွေ ကွပ်မျက်ခံခဲ့ရတယ်။ တော်လှန်သော လူတန်းစားတရပ် နေရာကို ခါတုဗေဒ ပြင်ဆင်မှုနဲ့အစားထိုးဖို့ ကြိုးပမ်းခြင်းဟာ ရင်နင့်ဖွယ်အဖြစ်နဲ့ နိဂုံးချုပ်ခဲ့ရတယ်။ သူရဲကောင်းအဆန်ဆုံး ပညာတတ်တွေတောင်မှ လူထုမပါရင် ဘာမှမဟုတ်ဘူး။ အူလျာနော့ရဲ့ ညီအရင်းဖြစ်သူ ဗလာ ဒီမာဟာ နောင်အခါ ရုရှားသမိုင်းမှာ အခမ်းနားဆုံးပုဂ္ဂိုလ် ဖြစ်လာမယ့် လီနင်။ ဗလာ ဒီမာရဲ့ လူငယ်ဘဝကို အဲဒီ အချက်တွေနဲ့ နိဂုံးကောက်ချက်တွေက လွှမ်းမိုးခဲ့တယ်။ ဒါ့ကြောင့် အင်မတန် နုနယ်သေးတဲ့ အရွယ်ကတည်းက သူ့ကိုယ်သူ မာ့(က်စ်)ဝါဒ အုတ်မြစ်ပေါ် အခြေခိုင်အောင် တည်ဆောက်ပြီး အလုပ်သမားလူတန်းစားဘက်ကို မျက်နှာမူခဲ့တယ်။ သူဟာ ကျေးလက်လူမှုဘဝကို တခဏလေးတောင် မျက်ချေအပြတ်မခံဘဲ လယ်သမားထု လွတ်မြောက်ရေးကိုအလုပ်သမား လူတန်းစားကတဆင့်ရှာဖွေခဲ့တယ်။ လီနင်ဟာ သူ့ရှေ့မျိုးဆက်တော်လှန်ရေးသမားတွေ ဆီကနေ စွန့်လွှတ်အနစ်နာခံနိုင်စွမ်းနဲ့ အဆုံးအစွန်အထိ ပိုင်းဖြတ်ခိုင်မာမှုကို အမွေရရှိထားသူဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မျိုးဆက်သစ် ပညာတတ်လူငယ်တွေ၊ ရှေ့တန်းရောက် အလုပ်သမားတွေရဲ့ ဆရာဖြစ်လာခဲ့တယ်။ အလုပ်သမားတွေဟာ သပိတ်တွေ၊ လမ်းမပေါ်က တိုက်ပွဲတွေ၊ နယ်နှင်ခံရခြင်းတွေ၊ အကျဉ်းထောင်တွေကနေ ထုသားပေသား ကျထားပြီးသားဖြစ်ပါတယ်။ အကြွင်းမဲ့ သက်ဦးဆံပိုင်ဘုရင်စနစ် အမှောင်ထုကြီးထဲမှာ သူတို့ရဲ့ သမိုင်းရေး လမ်းကြောင်းကို အလင်းပြပေးနိုင်မယ့် မာ့(က်စ်)ဝါဒ မီးအိမ်ကိုသာအလုပ်သမားထု လိုအပ်နေခဲ့တယ်။

ပြည်ပခိုလှုံရသူတွေထဲကနေပထမဆုံး မာ့(က်စ်)ဝါဒီ အဖွဲ့တခု ၁၈၈၃ ခုနှစ်မှာ ထွက်ပေါ်ခဲ့တယ်။ ၁၈၈၉ ခုနှစ်တခုသော လျှို့ဝှက်အစည်းအဝေးတခုကနေ ရုရှားဆိုရှယ်ဒီမိုကရက်တစ် အလုပ်သမားပါတီကို စတင်ထူထောင် ကြောင်းကြေညာခဲ့တယ် (အဲဒီတုန်းက ကျနော်တို့


return to contents

အားလုံးဟာ ဆိုရှယ်ဒီမိုကရက်တွေလို့ပဲ နာမည်ခံကြတယ်)။ ၁၉၀၃ ခုနှစ်မှာ ဘော်ရှီဗစ်နဲ့ မင်ရှီဗစ်ရယ်လို့ စကွဲတယ်။ ၁၉၁၂ ခုနှစ်မှာ ဘော်ရှီဗစ် အင်အားစုက သီးခြား လွတ် လပ်တဲ့ ပါတီတခု ဖြစ်လာခဲ့တယ်။

၁၂နှစ်တာ (၁၉၀၅-၁၉၁၇) ကာလ အတွင်း တိုက်ပွဲတွေမှာ လူ့အဖွဲ့အစည်း ရဲ့ လူတန်းစား မဏ္ဍာင်းနစ်ကို ဖမ်းဆုပ် မိအောင် သင်ယူခဲ့ကြတယ်။ ဘော်ရှီဗစ် ပါတီက သူ့အင်အားစုတွေကို တက်တက်ကြွကြွ ဦးဆောင်လှုပ်ရှားခြင်းနဲ့ စည်းကမ်းလိုက်နာခြင်းကို အချိုးညီညီ လုပ်တတ်အောင် သင်ပေးခဲ့တယ်။ ဘော်ရှီဗစ်ပါတီရဲ့ တော်လှန်လှုပ်ရှားမှု စည်းကမ်းဟာ သဘောတရားရေး ညီညွတ်မှုအပေါ် အခြေခံထားခြင်း ဖြစ်တယ်၊ အတူလက်တွဲ တိုက်ပွဲဝင်ခဲ့တဲ့ အစဉ်အလာပေါ် အခြေတည်ထားခြင်း ဖြစ်တယ်။ မှတ်ကျောက်တင် စမ်းသပ်ခံထားတဲ့ ခေါင်းဆောင်မှုအပေါ် ယုံကြည်မှုကို အခြေခံပြီး စည်းကမ်းလိုက်နာကြခြင်းလည်း ဖြစ်တယ်။ ၁၉၁၇မှာ အဲဒီလို ပါတီမျိုး ရှိခဲ့တယ်။ တရားဝင် “အများအမြင်”ဆိုတာတွေ ၊ပညာတတ်တွေရဲ့ စာမျက်နှာထက် က ထစ်ချုံးသံတွေကို နည်းနည်းလေးမှ ဂရုမစိုက်ဘဲ လူထုလှုပ်ရှားမှုနဲ့ ချိန်သားကိုက်ဖို့သာ လုပ်ခဲ့တယ်။ စက်ရုံ တွေ၊ တပ်ရင်းတွေထဲမှာ ဘော်ရှီဗစ်ပါတီက အခိုင်အမာ ခြေကုပ်ယူထားခဲ့တယ်။ ဒီအခြေအနေမှာ လယ်သမားထု က ဘော်ရှီဗစ်ပါတီဘက်ကို မျက်နှာမူလာခဲ့တယ်။ “တိုင်းပြည်”ဆိုတာကို အခွင့်ထူးခံတွေနဲ့ မသတ်မှတ်ဘဲ အများစုသောလူထုကြီး (အလုပ်သမား ၊ လယ်သမားများ)လို့ နားလည်မယ်ဆိုရင် ဘော်ရှီဗစ်တွေဟာ ၁၉၁၇ခုနှစ်အတွင်း တပြည်လုံးဆိုင်ရာ ရှုရှားပါတီကြီး အမှန်တကယ် ဖြစ်လာခဲ့တယ်။

၁၉၁၇ စက်တင်ဘာမှာ လီနင်က ပုန်းခိုနေရာကနေ “အကြပ်အတည်းက ရင့်မှည့်ပြီ၊ လက်နက်ကိုင် သူပုန်ထအုံကြွဖို့ အချိန်ရောက်ပြီ”လို့ အချက်ပေးခဲ့တယ်။ လီနင်ဆော်ဩတာ မှန်ပါတယ် ။ အဲဒီအချိန်မှာ အုပ်စိုးသူ လူတန်းစားက စစ်ပွဲ ပြဿနာတွေ၊ မြေယာနဲ့ လွတ်မြောက်ရေး ပြဿနာတွေကို


return to contents

ရင်ဆိုင်နေရပြီ၊ ဒီသပွတ်အူ ပြဿနာတွေကနေ ဘယ်လိုမှ ရုန်းမထွက်နိုင်တော့ဘူး။ ဘူဇွာ လူတန်းစားလည်း လမ်းပျောက်သွားပြီ။ ဒီမိုကရက် ပါတီတွေ၊ မင်ရှီဗစ်တွေနဲ့ ဆိုရှယ်ရက်ဗလူရှင်နရီ ပါတီတွေကလည်း နယ်ချဲ့စစ်ပွဲကို ဆက်ထောက်ခံကြတာရယ်၊ ပဒေသရာဇ် လူတန်းစားနဲ့ ဘူဇွာတွေကို အလျှော့ပေး စေ့စပ်တာတွေရယ်ကြောင့် သူတို့ပေါ် ရှိနေသေးတဲ့ လူထုရဲ့ လက်ကျန် ယုံကြည်မှုလေးတွေကို ဖျောက်ဖျက်ပစ်လိုက်တော့တယ်။ နိုးကြားလာတဲ့ စစ်တပ်က သူတို့နဲ့ဘာမှမဆိုင်တဲ့ နယ်ချဲ့ရည်မှန်းချက်တွေအတွက် ဆက်ပြီးအသေမခံချင်တော့ဘူး။ ဒီမိုကရက်တွေရဲ့ အကြံကို ပစ်ပယ်ပြီး လယ်သမား ထုက မြေရှင်ကြီးတွေကို မီးတိုက်မောင်းထုတ်ခဲ့ကြတယ်။ နယ်စွန်နယ်ဖျားက အဖိနှိပ်ခံ လူမျိုးတွေကလည်း ပီထရိုဂရက် မြို့တော်က ဗျူရိုကရေစီကို ဆန့်ကျင်အုံကြွလာခဲ့တယ်။ အခရာအကျဆုံး အလုပ်သမားနဲ့ စစ်သား ဆိုဗီယက်တွေမှာ ဘော်ရှီဗစ်တွေက ဩဇာလွှမ်းထားပြီ။ အနာက မှည့်ပြီ။ ခွဲတချက်ပဲ ဖောက်ပေးဖို့ လိုနေတာ။

အဲဒီလို လူမှုအခြေအနေတွေ၊ နိုင်ငံရေး အခြေအနေတွေအောက်မှာပဲ လက်နက်ကိုင် အုံကြွမှု ဖြစ်နိုင်တယ်။ အဲဒီ လို ရင့်မှည့်လာရင် လက်နက်ကိုင် သူပုန်ထမှု မလွဲမရှောင် ဖြစ်လာမယ်။ ဒါပေမယ့် လက်နက်ကိုင် အုံကြွမှုနဲ့ သွား ဆော့လို့တော့ မရဘူး။ ခွဲစိတ်ခားကို ရမ်းသမ်းသုံးတဲ့ ခွဲစိတ်ဆရာဝန်ဟာ ဒုက္ခရောက်တတ်တယ်။ သူပုန်ထ အုံကြွ မှုဆိုတာ အနုပညာတရပ် ဖြစ်တယ်။ သူပုန်ထ အုံကြွမှုမှာ သူ့ကိုယ်ပိုင် နိယာမတွေ၊ စည်းမျဉ်းတွေ ရှိတယ်။

ဘော်ရှီဗစ်ပါတီဟာ အောက်တိုဘာသူပုန်ထမှုကြီးရဲ့ ပကတိ အရှိတရားတွေကို ခေါင်းအေးအေးနဲ့ တွက်ချက်စဉ်း စားတယ်၊ ခိုင်မာပြင်းထန်တဲ့ ပိုင်းဖြတ်ချက်နဲ့ရင်ဆိုင်တယ်။ ဒါ့ကြောင့်ပဲ အထိအခိုက်မရှိသလောက်နဲ့ အောင်ပွဲရ ခဲ့ခြင်းဖြစ်တယ်။ ဘော်ရှီဗစ်တွေ ဦးဆောင်မှုနဲ့ ဆိုဗီယက်တွေ အောင်ပွဲဆင်ခဲ့တယ်၊ ဒီလိုနဲ့ ဘော်ရှီဗစ်တွေဟာ ကမ္ဘာ့မျက်နှာပြင်ရဲ့၆ပုံ၁ပုံ



return to contents

လောက် နေရာယူထားတဲ့တိုင်းပြည်တစ်ခုရဲ့ ခေါင်းဆောင်ပိုင်းကိုရောက်သွားခဲ့တယ်။

ဒီကနေ့ လက်ချာ ကို နားထောင်နေကြသူ အများစုက ၁၉၁၇ ခုနှစ် နိုင်ငံရေးတွေနဲ့ အလှမ်းဝေးနေပြီလို့ ယူဆရတယ်။ ဒါလည်း ကောင်းပါတယ်။ ဒီကနေ့ လူငယ်မျိုးဆက်ရဲ့ ရှေ့မှာ စိတ်ဝင်စားစရာတွေ အများကြီး ရှိနေတယ်။ လွယ်ကူချင်မှ လွယ်ကူလိမ့်မယ်။ ဒီခန်းမထဲက မျိုးဆက်ဟောင်း ကိုယ်စားလှယ်တွေကတော့ ဘော်ရှီဗစ်တွေ ဦးဆောင်ပြီး အလုပ်သမား လူတန်းစား အာဏာသိမ်းယူခဲ့ခြင်းကို ဘယ်လို လက်ခံခဲ့သလဲဆိုတာ ကောင်းကောင်း မှတ်မိပါလိမ့်မယ်- အထူးအဆန်းတရပ်လို၊ နားလည်မှုလွဲမှားခြင်းတခုလို၊ လက်မခံနိုင်ဖွယ် တုန်လှုပ်ခြောက်ခြားစရာတခုလို။ ဖြစ်လေ့ရှိသလိုပဲ အိပ်မက်ဆိုးတခုက မိုးသောက်ရောင်နီနဲ့အတူ လွင့်ပြယ်သွားမှာလို့ ထင်ခဲ့ကြတယ် ဘော်ရှီဗစ်တွေ ၂၄နာရီပဲ ခံမှာပါ၊ တပတ်ပဲ၊ တလပဲ၊ တနှစ်ပဲ ခံမှာပါလို့ တွက်ခဲ့ကြတယ်။ သူတို့ခန့်မှန်းတဲ့ ကြာချိန် ကို ထပ်ထပ်ပြီးသား တိုးလာခဲ့ရတယ်။ တကမ္ဘာလုံးကအုပ်စိုးသူတွေဟာ ပထမဆုံးပေါ်ထွက်လာတဲ့ အလုပ်သမားနိုင်ငံတော်တခုကိုလက်နက်နဲ့ ချေမှုန်းဖို့ကြိုးပမ်းခဲ့တယ်၊ ပြည်တွင်းစစ်မီးကိုမွှေးပေးခဲ့ကြတယ်၊ စစ်တပ်တွေနဲ့ အကြိမ်ကြိမ် ကျူးကျော်ဝင်ရောက်ခဲ့တယ်၊ ပိတ်ဆို့ချေမှုန်းဖို့ အားထုတ်ခဲ့ကြတယ်။ ဒီလိုနဲ့ တနှစ်ပြီးတနှစ် ဖြတ်သန်းသွားခဲ့တယ်။ ဒီလိုဖြတ်သန်းသွားရင်း ဆိုဗီယက် အာဏာ ၁၅နှစ်သက်တမ်းကို သမိုင်းကမှတ်တမ်းတင်ထားခဲ့ပြီ။

မေဝတ်မှုန် ဘာသာပြန်သည်။

(ဆက်လက်ဖော်ပြသွားမည်)



return to contents


THE STRUGGLE